ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ (18-9-2013) (၄၆၀၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၇-၉-၂၀၁၃

ကျောက်ဖြူ	၈	ဒသမ	၄၃	လက်မ
ချောင်းဦး	၅	ဒသမ	၈၅	လက်မ
မြင်းမူ	၅	ဒသမ	၅၁	လက်မ
ထားဝယ်	၄	ဒသမ	၀၆	လက်မ
ဘုတလင်	၃	ဒသမ	၃၄	လက်မ
ကိုကိုးကျွန်း	၃	ဒသမ	၃၄	လက်မ
ရေး	၃	ဒသမ	၃၁	လက်မ

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ

အမှတ်၊ ၇၃/ ၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်

(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်(၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်)နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Christopn Burgener အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းယားလမ်းရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမှတ် (၂) သံမဏိစက်ရုံနှင့် ရွှေဂုံတိုင်ခုံးကျော်တံတား

ယခင်ဆယ်စုနှစ် တစ်ခုကျော်ကာလက မြန်မာနိုင်ငံတွင်တံတားကြီးတစ်စင်းတည်ဆောက်ဖို့အရေးမှာ အလွန်ခက်ခဲလှသည်။ အဘယ်ကြောင့်ဆိုသော် တံတား၏အဓိကကျောရိုးဖြစ်သော တံတားသံပေါင်များကို ပြည်တွင်း၌ထုတ်လုပ်နိုင်ခြင်း မရှိသဖြင့် နိုင်ငံခြားမှတင်သွင်းရသည့်အတွက်ဖြစ်သည်။ တံတားကြီးတစ်စင်းအတွက် လိုအပ်မည့် သံပေါင်များမှာ ထုတ်လုပ်မှုစရိတ်ကြီးသည့်အပြင် တန်ချိန်အလွန်များသဖြင့်

နေဦးသစ်

ပြည်ပမှသယ်ယူရာတွင် စရိတ်စကကြီးလေးလှသည်။

မြစ်ချောင်းများ ပေါများသောမြန်မာပြည်တွင် တံတားအစင်းပေါင်းများစွာတည်ဆောက်နိုင်ရေးအတွက် တံတားသံပေါင်ထုတ်လုပ်သောစက်ရုံမရှိမဖြစ် လိုအပ်လာသည့်အတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း လက်အောက်ရှိ အမှတ်(၂)သံမဏိစက်ရုံကို မှော်ဘီမြောင်းတကာတွင် ၁၉၉၇ ခုနှစ်၌စတင်တည်ဆောက်ခဲ့သည်။ ဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်းနှင့်ပူးတွဲစာချုပ်ချုပ်ဆို၍ အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်ဖေဖော်ဝါရီလတွင်စက်ရုံကို စတင်လည်ပတ်နိုင်ခဲ့သည်။

အမှတ်(၂) သံမဏိစက်ရုံတွင် သံရိုင်းတုံးကုန်ကြမ်းများကို အသုံးပြု၍ တံတားသံပေါင်များ၊ သံမဏိပြားများ၊ အသင့်တပ်ဆင်သံထည်များ၊ တာဝါတိုင် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်နှင့် ဆိပ်သာမြို့တို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၂ စင်တီမီတာ(သုည ဒသမ ၇ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၉ စင်တီမီတာ(၁ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၀ စင်တီမီတာ(၁ ဒသမ ၆ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၇ စင်တီမီတာ(၁ ပေခွဲခန့်)တွင် ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၂ စင်တီမီတာ(၁ ဒသမ ၄ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြေးမုံစာတည်းရှုထောင့် ၁၈-၉-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

လ လိုလူ

နေ့စဉ်ထိတွေ့ ဆက်ဆံမှုပြုနေရသော လူမှုနယ်ပယ်တွင် 'အယုတ်၊ အလတ်၊ အမြတ်' ဟူ၍ ဆူကြုံနိမ့်မြင့် လူသုံးမျိုး သုံးစားရှိနေသည်။ လူအမျိုးမျိုး စိတ်အထွေထွေမို့ အားလုံးနှင့်လိုက်လျောညီထွေ ဆက်ဆံမှုပြုနေကြရသည်။ စိတ်ဓာတ်အဆင့်အတန်းမြင့်မားသူ လူကြီးလူကောင်းများနှင့်ထိတွေ့ဆက်ဆံကြရသည့်အခါ စိတ်ချမ်းသာ ပီတိပွားရသည်။ စိတ်ဓာတ်နိမ့်ကျသိမ်ဖျင်းသူ လူ့ပေါက်ပန်းများနှင့် ဆက်ဆံသောအခါတွင်မူ မလွှဲမရှောင်သာရှိလာသောအခါ မချစ်သော်လည်း အောင့်ကာနမ်းရ၊ ပန်းကိုအကြောင်းပြုလျက် ဝါးခြမ်းပြားကို ခေါင်းပေါ်တင်ရနှင့် အတုအယောင်ဟန်ဆောင်ရပ်ဝန်းမှာ စိတ်ပန်းလူနွမ်းပင်ပန်းကြရသည်။

မြန်မာမှုနယ်ပယ်တွင် ရှေးပဝေသဏီကတည်းက ဘာသာရေးနွယ်သော လူမှုကျင့်ဝတ်များထားရှိခဲ့ပြီး ဖြစ်ပါသည်။ သားသမီး၊ မိဘ၊ ဆရာ၊ မိတ်ဆွေ သူငယ်ချင်း အကြီးအကဲများစသဖြင့် နယ်ပယ်အသီးသီး ကျင့်ဝတ်များကို ချမှတ်လိုက်နာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့ကြသည်။ ခေတ်ရေစီးကြောင်း၏ တိုက်စားမှုဒဏ်ကို ခေတ်အဆက်ဆက်ကြိမ်ဖန်များစွာ ခံခဲ့ရလည်း အနှစ်အသားပျက်ယွင်းမှုမရှိ ပကတိအတိုင်းခိုင်မြဲနေဆဲ။ ချစ်စရာ့မြန်မာ ထုံးဓလေ့များအောက်မှာ မြန်မာ့လူ့အဖွဲ့အစည်းကို တည်ဆောက်လာခဲ့ကြသည်။ ကျင့်ဝတ်ကိုခါးဝတ်ပုဆိုးကဲ့သို့မြဲမြံ သိက္ခာတစ်ရပ်အဖြစ်စောင့်ထိန်းရင်း မြန်မာ့စိတ်ရင်းကို ဖော်ကျူးခဲ့ကြသည်။

လူ့သဘော၊ လူ့မနော အရာရာတွင်စင်းလုံးချောဟူ၍မရှိ။ နိမ့်ကျသူများနှင့်လည်း ထိတွေ့ဆက်ဆံ မလွှဲမရှောင်သာ ရှိနေကြရသည်။ ဘုရားရဟန္တာသူတော်ကောင်းများသည် ထိုထိုသောပုဂ္ဂိုလ်များအတွက် နည်းလမ်းနှစ်သွယ်နှင့် ထိတွေ့ဆက်ဆံပြုခဲ့ကြသည့် အကြမ်းနည်းနှင့်အနုနည်း။

မဟာကရုဏာရှင်ဗုဒ္ဓလည်း မျက်စောင်းမာန်ကြီးသော နန္ဒောပနန္ဒ နဂါးမင်းကို သူသာလျှင် အင်အားကြီးသူမဟုတ်ကြောင်းပြပြီး မာန်ကျိုးခါမှ တရားပြ၍ အမိုက်ဇာတ်ကိုသိမ်းပေးခဲ့ရသည်။ ဤကဲ့သို့ပြုမူခြင်းသည် အကျိုးမဲ့ အစွမ်းပြလို၍ မဟုတ်။ သူ့အကျိုးကိုလိုလား၍ လမ်းမှားမှလမ်းမှန်ကိုရောက်အောင် ကယ်တင်လို၍သာ ဖြစ်သည်။

သို့သော် သိပါလျက်အသိခေါက်ခက်အဝင်နက်သူ လူ့ဗာလများအား ဘုရားသော်မှ မကယ်နိုင် လက်ရှောင်ခဲ့ရ ထုံးသာဓကများရှိခဲ့သည်။ ယောက်ဖတော်အရင်း ဒေဝဒတ်ကို ဘုရားမကယ်နိုင်ခဲ့ပါ။ သူ့ကံနှင့်သူရှိပါဟူ၍ ဥပေက္ခာပြုခဲ့ရသည်။ မည်သူမပြု မိမိမှု သူပြုသည့်ကံ သူခံစေခဲ့ရသည်။

ဥပေက္ခာဟူသည် ဗြဟ္မာတို့၏ မြတ်သောအကျင့်လေးပါးဖြစ်သည့် "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ" ဗြဟ္မဝိဟာရတရားများအနက် နောက်ဆုံးပိတ်တရားတစ်ပါး၊ လူမှုနယ်ပယ်၏ နောက်ဆုံးအနားသတ် ကုဆေးတစ်ရပ်လည်းဖြစ်သည်။ ဆူကြုံနိမ့်မြင့်အားလုံးအပေါ်မှာမေတ္တာနှင့်ယှဉ် နေထိုင်မည်။ နိမ့်ကျသူများအပေါ် ကရုဏာထားကာဖေးမကူမည်။ အဆင့်မြင့်သူများအား မုဒိတာပွားလေးစားသမှုပြုမည်။ လူ့နယ်ပယ်၏ ဗုဒ္ဓအလိုကျ ဗြဟ္မကျင့်စဉ်တရားများ၊ ဤတရားသုံးပါးနှင့် မထိုက်တန်သူ လူ့ခွစာများကိုမူကား ဥပေက္ခာတရားထားကြရမည်သာ။

ကမ္ဘာကျော်အီစွတ်ပုံပြင်တစ်ပုဒ်တွင် ဤသို့ ဖတ်မှတ်ဖူးပါသည်။ "အခါတစ်ပါး နေနတ်သားကို သူ့အမေက အင်္ကျီအသစ်တစ်ထည် ချုပ်ပေးသည်။ လနတ်သားကသူ့ကိုလည်း ချုပ်ပေးဖို့ပူဆာသည်။ ထိုအခါ သူ့အမေက ဤသို့ပြန်ပြောသည်။ သား၏ ကိုယ်ခန္ဓာက တစ်နေ့တစ်မျိုးနဲ့ ကြီးလိုက်သေးလိုက် ပျောက်ကွယ်သွားလိုက်နဲ့ သားကိုယ်နဲ့သင့်တော်တဲ့အင်္ကျီကို အမေ မချုပ်ပေးတတ်ပါ။"

လူ့နယ်ပယ်မှာ "လ"လိုလူများ အများအပြားရှိတတ်ပါသည်။

အင်းတော်မြို့နယ်အတွင်း မိသားစုဝင်ငွေတိုး ရော်ဘာပင်စိုက်ပျိုး

အင်းတော် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု မိုးယူကျေးရွာ ဆည်ကြီးတောင် မိုးကုတ်ဝိပဿနာတရားစခန်းအနီး မိုးယူချောင်း တစ်ဖက်ကမ်းတွင် ရော်ဘာပင်များ စိုက်ပျိုးထားရာ အောင်မြင် ဖြစ်ထွန်းနေကြောင်း သိရသဖြင့် အဆိုပါရော်ဘာခြံသို့ သွားရောက်ကာခြံပိုင်ရှင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ပါသည်။

အဆိုပါရော်ဘာခြံကို မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် အင်းတော်မြို့နယ်တွင် ပထမဆုံးစိုက်ပျိုးသော ဦးတင်စိုးက "ကျွန်တော်က အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်ကပါ၊ ရော်ဘာပျိုးပင်ပေါက်များကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နောင်နန်းရော်ဘာခြံမှ ၂၀၀၅ ခုနှစ် ဩဂုတ် ၁၄ ရက်က တစ်ပင် ၂၀၀ နှုန်းနဲ့ ဝယ်ယူပြီး စိုက်ပျိုးခဲ့တာပါ၊ ခြံအကျယ် ငါးဧကရှိပါတယ်၊ ရော်ဘာပင်တွေကို တစ်ပင်နဲ့ တစ်ပင်ကြား ကိုးပေအကွာအဝေးထားပြီး တစ်တန်းနဲ့ တစ်တန်းအကြား ၂၄ ပေခြားကာ အပင်တစ်ထောင်ကျော် စိုက်ပျိုးထားပါတယ်" ဟု ရော်ဘာခြံနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့ပြင် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချမှုနှင့်ပတ်သက်ပြီး "၂၀၁၁ ခုနှစ် အောက်တိုဘာက အပင် ၁၀၀ အစေးလှီးနိုင်ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာက အပင် ၂၀၀ အစေးလှီးနိုင်ခဲ့ပါတယ်၊ ယခုနှစ်မှာတော့ အပင် ၃၅၀ ခန့် အစေးလှီးနိုင်မှာပါ၊ တစ်ဧက ရော်ဘာပြား ပေါင်း ၈၀၀ ခန့် ထွက်ရှိပါတယ်၊ ရော်ဘာပြားတွေကို မန္တလေးမြို့သို့ တင်ပို့ရောင်းချပါတယ်၊ ၂၀၁၁ ခုနှစ် က တစ်ပေါင် ၁၁၀၀ နှုန်းနဲ့ ရောင်းရပြီး ၂၀၁၂ ခုနှစ်မှာတော့ တစ်ပေါင် ကျပ် ၉၇၀ သာ ဈေးရရှိပါတယ်၊ ယခုနှစ်မှာတော့ အရင်နှစ်တွေကထက် ဈေးပိုမိုရောင်းရမယ် လို့သိရပါတယ်၊ ကျွန်တော့်ခြံက ရော်ဘာမျိုးစေ့တွေလည်း ရရှိနေပြီး မျိုးစေ့တစ်ပြည်ကို ကျပ် ၂၀၀၀ ဖြင့် ဖြန့်ဝေရောင်းချပေးနေပါတယ်၊ ယခုဒီခြံက မျိုးစေ့ကို မဲဇာဒေသ ကွမ်းချောင်းကျေးရွာမှ ဝယ်ယူပျိုးထောင်စိုက်ပျိုးနေကြပါပြီ" ဟု ၎င်းကဆက်လက်ပြောပြသည်။

ထို့ကြောင့် ရော်ဘာခြံတည်ထောင်စိုက်ပျိုးခြင်းသည် ဈေးကွက်ခိုင်မာပြီး နှစ်ရှည်မိသားစုဝင်ငွေကောင်းသော လုပ်ငန်းဖြစ်သဖြင့် စီးပွားဖြစ်စိုက်ပျိုးသင့်သော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

(ကိုမင်း-အင်းတော်)

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး(ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

နိုင်ငံခြားငွေ လဲလှယ်နှုန်း

ရန်ကုန် စက်တင်ဘာ ၁၇

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၂၉၇. ၁
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၈
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၅၈၃
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၇၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၄၈၅
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၈၁. ၀၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၉. ၅၇၈
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၅. ၅၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၀. ၄၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်း အလေးထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီတို့နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၏ ဖြေရှင်းဆောင်ရွက်ကြရမည့် လယ်ယာမြေဆိုင်ရာကိစ္စရပ်များနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ အသုံးပြုခြင်း ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ လုပ်ကွက်ငယ် တောင်သူ လယ်သမားများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးရာတွင် လည်းကောင်း၊ လယ်ယာမြေမှတ်ပုံတင် ခြင်းလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည့်အတွက် လုပ်ငန်းကျန်ရှိနေကြသေးသော ပြည်နယ်/တိုင်းဒေသကြီးများ အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ ပြီးမြောက် အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ပထမအချက်ဖြစ်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဒုတိယအချက်အနေဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြရေး၊ တတိယအချက်အနေဖြင့် လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ပြီးစီးရေးအတွက် ဆောင်ရွက်ကြရမည့်လုပ်ငန်းများကို အရေးကြီးလုပ်ငန်းတာဝန်များအဖြစ် အထူးအလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာမြေပြဿနာများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဆိုင်ရာ ကိစ္စရပ်များ၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူး ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသတိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယနေ့အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့နှင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လယ်ယာကဏ္ဍဆိုင်ရာ ဝန်ကြီးများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးပွဲ ပြုလုပ်ရခြင်း၏ အဓိက ဦးတည်ချက်(၂)ရပ်တွင် နိုင်ငံနှင့် အဝှမ်းဖြစ်ပေါ်နေသည့် ဖြေရှင်းဆောင်ရွက်ပေးရန်ရှိသည့် ယခင်အစိုးရ အဆက်ဆက်က လယ်ယာမြေဆိုင်ရာ ပြဿနာများကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှန်ကန်စွာဖြင့် ဖြေရှင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်နှင့် နိုင်ငံနှင့်အဝှမ်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ယခင်အစိုးရအဆက်ဆက်က လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ရယူထားကြသည့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများအား ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်စွာ လက်တွေ့အကောင်အထည်ဖော် အသုံးပြုကြရန်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများကို ဥပဒေနှင့် ညီညွတ်စွာ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲမှ တစ်ဆင့် မြေယာကိစ္စရပ်များနှင့် လွှတ်တော်အစီရင်ခံစာပါကိစ္စရပ်များကို တစ်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် တစ်ရက်လျှင် မြေယာအမှုနှစ်ခုနှုန်းဖြင့် ပြီးပြတ်အောင် လျာထား ရှင်းလင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးပွဲသို့ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဦးသန့်ရှင်း၊ ဦးခင်မောင်အေး၊ ဒေါ်လဲ့လဲ့သိန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲလာစေရန် ဆက်သွယ်ပြောဆိုခြင်းအရည်အသွေးမြင့်မားရေးသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာန(ကျန်းမာရေးပညာဌာန)နှင့် UNFPA တို့ပူးပေါင်းပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲလာစေရန် ဆက်သွယ်ပြောဆိုခြင်း အရည်အသွေးမြင့်မားရေးသင်တန်းကို စက်တင်ဘာ ၁၂ရက်မှ ၁၃ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ကျိုက်လတ်မြို့နယ်တွင် ၂၀၁၁ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသင်တန်းများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ UNFPA မှ စီမံချက်အရာရှိ ဒေါက်တာသန်းစိုးက သင်တန်းနှင့် သက်ဆိုင်သည်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်နှင့် သင်တန်းဆရာများဖြစ်သည့် ဒေါက်တာခင်သန်းအေးနှင့် ဒေါက်တာမျိုးမင်းဦး၊ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာ/ပညာအရာရှိ ဒေါ်စုစုနိုင်၊ ဧရာဝတီတိုင်းဒေသကြီး ကျန်းမာ/ပညာအရာရှိ ဦးမြင့်အောင်နှင့် UNFPA မှ ဒေါက်တာသန်းစိုး၊ ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ သင်တန်းသား စေတနာ့ဝန်ထမ်းများနှင့် သားဖွားဆရာမများ စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့သည်။

ယခုသင်တန်းသည် ပထမအကြိမ်ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကို ကျိုက်လတ်မြို့နယ်တွင် (၄)ကြိမ်အထိ ဆက်လက်သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အားကစားပြိုင်ပွဲကြီးကျင်းပရန် လက်တစ်ကမ်းသာ လိုတော့ကြောင်း၊ ပြိုင်ပွဲကျင်းပရန်ပြင်ဆင်ချိန်မှစ၍ ပြိုင်ပွဲပြီးဆုံးသည်အထိ အပြစ်အနာအဆာကင်းကင်းနှင့် ချောမွေ့စွာ ပြီးစီးစေရေး လိုအပ်ချက်များ အပြန်အလှန်ထောက်ပြဆွေးနွေးညှိနှိုင်းကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်းတို့က မြန်မာ့အားကစားအောင်နိုင်ရေးနှင့် SEA Games ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ကော်မတီများ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပေါ် သုံးသပ်ဆွေးနွေးကာ ကော်မတီအလိုက် ကိုယ်စားလှယ်များက ပြိုင်ပွဲကျင်းပရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ရန်ရှိသည်များ၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုရီးယားနှစ်နိုင်ငံနယ်စပ်ဒေသရှိ ကေဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်

တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ၏ မော်တော်ယာဉ်များ ကေဆောင်စက်မှုဇုန်သို့ ဝင်ရောက်ရန် စစ်ဆေးရေးဂိတ်၌ စောင့်ဆိုင်းနေကြစဉ်။

ဆိုးလ် စက်တင်ဘာ ၁၇

တောင်ကိုရီးယားနိုင်ငံမှ စက်မှုဇုန်လုပ်ငန်းရှင်များသည် စက်တင်ဘာ ၁၆ရက်တွင် တောင်နှင့် မြောက်ကိုရီးယားနယ်စပ်မျဉ်းကို ဖြတ်ကျော်ဝင်ရောက်လာခဲ့ကြကြောင်း၊ လွန်ခဲ့သော ငါးလတာကာလအတွင်းက စစ်မက်ဖြစ်ပွားမည်ဟူသော ခြိမ်းခြောက်မှုများဖြင့် ပိတ်ထားခဲ့ရသောစက်မှုဇုန်ကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဝင်ရောက်

လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးမှုများ ပြေလည်မှုရရှိပြီးနောက် ဒါဇင်နှင့်ချီသည့် ကားများ၊ ဝန်တင်ယာဉ်များနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်ဝန်ထမ်း များစွာတို့သည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် နယ်စပ်မျဉ်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြသည်ဟုဆိုသည်။

အသက်(၅၈)နှစ်အရွယ် ဆိုးလ်အခြေစိုက် အထည်ချုပ်လုပ်ငန်းပိုင်ရှင်တစ်ဦးက ၎င်းအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် ယခင်ကအတိုင်းပင် အတူတကွ လက်တွဲလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့သည်။

ဘီဘီစီ။

ဆီးရီးယားရဟတ်ယာဉ်တစ်စင်းကို တူရကီလေတပ် ပစ်ချ

ဒမတ်စကတ် စက်တင်ဘာ ၁၇

တူရကီနိုင်ငံ၏ လေကြောင်းပိုင်နက်အား ကျူးကျော်ပျံသန်းနေသည့် ဆီးရီးယားရဟတ်ယာဉ်တစ်စင်းကို အကြိမ်ကြိမ်သတိပေးခဲ့ပြီးနောက် တူရကီလေတပ်ကပစ်ချခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

စက်တင်ဘာ ၁၆ ရက်တွင် တူရကီလေကြောင်းပိုင်နက်အတွင်း တစ်မိုင်ကျော်အထိ ဝင်ရောက်လာသော ဆီးရီးယား အမ်အိုင်-၁၇ အမျိုးအစား ရဟတ်ယာဉ်တစ်စင်းကို ရင်ဆိုင်တွေ့ဆုံရန် မာကရာတာလေတပ်အခြေစိုက်စခန်းမှ စစ်လေယာဉ်တစ်စင်းအား စေလွှတ်ခဲ့ကြောင်း၊ ယင်းစစ်လေယာဉ်မှ လေယာဉ်မှူးက သတိပေးမှုများပြုလုပ်ခဲ့ပြီးနောက် ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါဒေသအတွင်းမှ တူရကီကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဘူလ်နက်ဟာရီနက်က ပြောကြားသည်။

ဒိုဂန်သတင်းဌာန၏အဆိုအရ ဆီးရီးယားရဟတ်ယာဉ်သည် ဆီးရီးယားနိုင်ငံပိုင်နက်နယ်မြေအတွင်း ပျက်ကျသွားခဲ့သည်ဟုဆိုသည်။

ယင်းရဟတ်ယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ သေကျေပျက်စီးမှုသတင်းများ ယခုလောလောဆယ်တွင် ရှင်းလင်းစွာမသိရသေးဟုဆိုသည်။

ဘီဘီစီ။

မလေးပြောက်ကျားခေါင်းဆောင်ဟောင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကွယ်လွန်

ဗန်ကောက် စက်တင်ဘာ ၁၇

ဒုတိယကမ္ဘာစစ်အပြီး၌ ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော ခက်ထန်သည့် မလေးရှားကွန်မြူနစ်ပြောက်ကျားခေါင်းဆောင်ဟောင်း ချင်ပင်းသည် ကွယ်လွန်သွားပြီဖြစ်ကြောင်း ထိုင်းတာဝန်ရှိသူများက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာကြာအောင် ပြည်ပြေးတစ်ဦးအဖြစ်နေထိုင်ခဲ့သူချင်ပင်းသည် အသက်(၉၀)အရွယ်တွင် ဗန်ကောက်မြို့ရှိ ဆေးရုံတစ်ရုံ၌ သေဆုံးခဲ့သည်ဟုဆိုသည်။

ချင်ပင်းသည် မလေးကျွန်းဆွယ်ကို ဂျပန်တို့သိမ်းပိုက်ထားစဉ်ကာလအတွင်းက ဗြိတိသျှတပ်ဖွဲ့များနှင့် ယှဉ်တွဲကာ ဂျပန်တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သည်။ သို့သော် ၁၉၄၈ခုနှစ်မှစတင်ကာ မလေးရှားနိုင်ငံအား လွတ်လပ်သောကွန်မြူနစ်နိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်နိုင်ရန် တိုက်ပွဲဝင်ကြိုးပမ်းခဲ့သည်။

သေဆုံး

လက်နက်ကိုင် ပုန်ကန်မှုကာလအတွင်း ပြည်သူ ၁၀၀၀၀ခန့်သေဆုံးခဲ့ရသည်။

ဗြိတိသျှကိုလိုနီအုပ်စိုးမှုအား ဆန့်ကျင်ရေးလှုပ်ရှားမှုအဖြစ် ပြောက်ကျားစစ်ဆင်မှုများ ပြုလုပ်ခဲ့ရာတွင် နှစ်ဖက်အင်အားစုများအနေဖြင့် ရက်စက်ကြမ်းကြုတ်စွာ ပြုမူခဲ့ကြသည်ဟု စွပ်စွဲပြောကြားမှုပေါ် ထွက်ခဲ့သည်။ ၎င်း၏ဈာပနအခမ်းအနားကို ဗန်ကောက်မြို့ရှိ ဗုဒ္ဓဘာသာဘုရားကျောင်းတစ်ခုတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဘီဘီစီ။

ဝါရှင်တန်ရေတပ်ခြံဝင်းအတွင်း ပစ်ခတ်မှုဖြစ်ပွား သေနတ်သမားနှင့် လူ ၁၂ဦးသေဆုံး

ဝါရှင်တန် စက်တင်ဘာ ၁၇

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့လယ်ရှိ ရေတပ်ခြံဝင်းတစ်ခုအတွင်း သေနတ်ဖြင့်တွေ့ရာမရှောင် ပစ်ခတ်မှုနှင့်ပတ်သက်၍ ပြည်နယ်စုံစမ်းစစ်ဆေးရေးဗျူရို(အက်ဖ်ဘီအိုင်)က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

သေနတ်သမားမှာ အသက် ၃၄နှစ်ရှိ အေရွန်အဲလက်ဆစ်(ဝဲပုံ)ဆိုသူဖြစ်ပြီး တက္ကဆက်ပြည်နယ် ဖို့ဝတ်မြို့၌နေထိုင်သူ ဖြစ်သည်။ သေနတ်သမား၏ပစ်ခတ်မှုကြောင့် ၁၂ဦးသေဆုံးခဲ့ရပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကာ ယင်းသေနတ်သမားကို ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်းမှာလည်း သေဆုံးခဲ့ရသည်။

အဆိုပါသေနတ်သမားသည် ရေတပ်အရန်တပ်ဖွဲ့ဝင်တစ်ဦးအဖြစ် အလုပ်လုပ်ကိုင်ခဲ့ဖူးပြီး ၂၀၁၁ခုနှစ်တွင် အလုပ်ဖြုတ်ခံခဲ့ရသူဖြစ်သည်။ သေနတ်သမားသည် ယခင်က အကြမ်းဖက်ပြုမူခဲ့ဖူးသူဖြစ်သော်လည်း ရေတပ်ခြံဝင်းအတွင်းသို့ဝင်ရောက်ရန် စစ်ဆေးရေးဂိတ်၏ ခွင့်ပြုချက်ရရှိခဲ့သည်။

အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ပြစ်တင်ရှုတ်ချလိုက်ပြီး ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် အိမ်ဖြူတော်နှင့် ကွန်ဂရက်လွှတ်တော်တို့၌ နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူရန် ညွှန်ကြားခဲ့သည်။

ပီတီအိုင်။



ဝါရှင်တန်ရှိ ရေတပ်ခြံဝင်းအတွင်း ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေကြစဉ်။

(ပါမစ်ခမြ) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
အမှတ်(၂)လမ်းမပေါ်တွင်၊ မြောက်ဒဂုံမြို့နယ်၊
တောင်/မြောက်လမ်းဆုံအနီး၊ ဈေးနှုန်း(၄၃၀၀)
(၂၂' × ၁၅၀') 09-2004297 , 09-43074771

DMA အသိအမှတ်ပြု O.O.W နှင့် Chief Mate
အောက်တိုဘာ တန်းခွဲများ ဖွင့်လှစ်ပြီ
ECDIS နှင့် RADAR / ARPA 23.9.2013 စမည်။
ကပ္ပတိန်စမ်းမိုးအောင် (ကျောင်းအုပ်ကြီး)
(Master Mariner, Fleetwood,U.K.), နှင့်
Ph.D Instructor များ စုစည်းသင်ကြားမည်။
စက်တင်ဘာလ နှင့် အောက်တိုဘာလအတွင်း 20% Discount
SUCCESS MARITIME ACADEMY
No.(131), Bogalayzay Street, Ph: 256954,202046,392048

ရင်းမာကြိုင်သင်း လတော်သလင်း

● ရွှေရင်းမာကြိုင်သင်းတဲ့
“တော်သလင်းလ”သည်ချိန်ခါ
မြစ်တွင်းမှာသာဘိခြင်း
သင်ဖြူးခင်းလို့ငြိမ့်ညောင်းစွာ။
သစ်ဝါးဖောင်များ မျှောစုန်ကာ
ရွှေမြန်မာတို့လိုရာပို့၊
ကညာပျိုကောက်ဆုပ်ကိုင်ပြီး
ဆီမီးတိုင်အခြားတစ်ဖက်ဝယ်
ကြယ်စုပုံသို့။ ။

● မြတ်ဗုဒ္ဓမိန့်မြွက်သည့်
ငါးအင်ပြည့် သီလပါ၊
စောင့်ထိန်းကာ တို့မြန်မာများ
ခါးဝတ်သည့် ပုဆိုးပမာ။
“ဂရုဓမ္မ” ဇာတ်တော်အလာ
ရှေးမြန်မာတို့စဉ်လာပြု၊
ဥတုမိုးလေသာယာပြီး
ကပ်ကြီးသုံးပါးကင်းဝေးကွာ
အကောင်းတကာတို့စု။ ။

● မြန်မာတို့ရဲ့ “လှေသဘင်ပွဲ”
ဆင်နွှဲကြ စဉ်အလာ၊
ရွှေဟင်္သာ ငွေစင်ရော်ဟန်သို့
ဝဲပျံလို့ရှုမငြီးပါ။
လှော်တက်သံမြိုင်ဆိုင်စွာ
တိုင်ပါလို့လေး
စည်မောင်းသံဒူဝေကာ
ပြိုင်ပါလို့လေး၊
မလေးမောင်ရွှေသျှောင်လှရယ်
အောင်ရမည်သတ္တိသွေး
မွေးပါကွဲ့လေး။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မြန်မာ့ရုပ်ရှင်ကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာစီးဆင်းနိုင်မှုသည် ASEAN Economic Community (AEC)၏ အဓိကကျသည့် အခြေခံမူဝါဒများဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ အင်အားအပြည့်ဖြင့် လွတ်လပ်စွာ ဝင်ရောက်လာမည့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ယှဉ်ပြိုင်နိုင်ရန် ကြိုးစားရမည်ဖြစ်သကဲ့သို့ ပြည်တွင်းရုပ်ရှင်နှင့် ပတ်သက်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့်လည်း ပြည်ပမှ ဝင်ရောက်လာတော့မည့် ရုပ်ရှင်နှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမည့်သူများကို ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်အောင် ယခုအချိန်မှစ၍ စီမံဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်အလုံလမ်းရှိ Summit Parkview ဟိုတယ်၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ပါရမီ AEC အသိပညာပြန့်ပွားရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ပြီး ရွှေတောင်ကုမ္ပဏီလီမိတက်အဖွဲ့ဝင်ဖြစ်သည့် Junction Cineplex အဆင့်မြင့် ရုပ်ရှင်ရုံအုပ်စုက ပံ့ပိုးကူညီကျင်းပသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မြန်မာ့ရုပ်ရှင်ကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယနေ့အလုပ်ရုံဆွေးနွေးပွဲအား မြန်မာနိုင်ငံသားပုဂ္ဂလိကကုမ္ပဏီများက ဝိုင်းဝန်းပံ့ပိုးပြီး စီစဉ်ဆောင်ရွက်ပေးသည့်အချက်ကို သတိပြုမိပါကြောင်း၊ ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ယူရတော့မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ အကြိုကာလတွင် တာဝန်သိစိတ်ရှိသော နိုင်ငံသားများနှင့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ ပါဝင်ပူးပေါင်းပြီး ယခုကဲ့သို့ ဆောင်ရွက်မှုများအတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိသည့်အပြင် အလားတူ ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံဖြစ်ပေါ်စေရန်အတွက်ကိုလည်း ဆန္ဒပြုပါကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် အင်အားဖြစ်ပြီး အောင်မြင်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက AEC နှင့်မြန်မာ့ရုပ်ရှင်ကဏ္ဍ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး Hanns Seidel Foundation မှ ဌာနေကိုယ်စားလှယ် Mr. Achim Munz က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ သဘာပတိဖြစ်သူ ပါရမီ စွမ်းအင်ကုမ္ပဏီများအုပ်စုမှ အကြီးတန်းအကြံပေးပုဂ္ဂိုလ် ဦးတင်ချိုက AEC အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ဟောပြောကြမည့် ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲအလံကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးထံ Parami Energy မှ CSR Manager ဦးအောင်မျိုးရှိန် ပေးအပ်စဉ်။

(သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအောက်ရှိ အလွှာအသီးသီးမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အစည်းအရုံးဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ချိန်တွင် အိမ်နီးချင်းနိုင်ငံများနှင့် တန်းတူပါဝင်နိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းမှ ရသင့်ရထိုက်သည့် အကျိုးကျေးဇူးများကို အပြည့်အဝရရှိစေရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၄၅	မြန်မာသံစဉ် ချိုနားဝင်
၇း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၀၆	မွေးမြူသုတ
၈း၃၅	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၂	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “ခေတ်သစ်အချစ်” (အပိုင်း-၃၀)
၆း၂၅	ကာတွန်းအစီအစဉ် “အာကာသသူရဲကောင်းလေးများ” (အပိုင်း-၁၃၃)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “သိုင်းသမားဘတ်ဒုန်းဆု” (အပိုင်း-၁၅)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “ချစ်ခွင့်ရချင်ပြီ” (အပိုင်း-၅၆)

အလိမ္မာစာမှာရှိ

လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ

ကိုကို(တက္ကသိုလ်)

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများသည် အစဉ်အလာအားဖြင့် ရေအားလျှပ်စစ်အပေါ်၌ အဓိကအခြေပြု အားထားတည်ဆောက်ထားပါသည်။ သဘာဝရာသီဥတုအပေါ် လုံးဝအမှီပြုနေရသဖြင့် မရေရာမှုများ တိုးပွားလာနေပြီဖြစ်ပါသည်။ အကိုးအကားအနေဖြင့် ၂၂-၈-၂၀၁၃ ရက်နေ့၌ နောက်ဆုံးရရှိသော ဇယားများမှ ကောက်နုတ်၍ ဖော်ပြအပ်ပါသည်။

ရေလှောင်တမံ	အမြင့်ဆုံးရေပမာဏ (ဧကပေ)	လက်ရှိရေပမာဏ (ဧကပေ)	လက်ရှိရေပမာဏ ရာခိုင်နှုန်း
သဖန်းဆိပ်	၂၈၈၀၀၀၀	၈၁၅၉၄၄	၂၈. ၃၃
ကင်းတား	၈၇၃၅၈၀	၁၁၄၀၆၄	၁၃. ၀၆
မိုးပြဲ	၆၇၅၉၂၆	၂၁၃၀၇၉	၃၁. ၅၂
ဇော်ဂျီ(၂)	၅၁၇၈၆၃	၈၆၇၇၆	၁၆. ၇၆

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အထူးအားကိုးရသော ရေလှောင်တမံကြီး ၁၅ ခုအနက် အထက်ပါ ရေလှောင်တမံလေးခုသည် လတ်တလော၌ ရေဝင်ရောက်မှုအနည်းဆုံးအခြေအနေသို့ ရောက်ရှိနေပါသည်။ အထူးသဖြင့် ရေလှောင်တမံများတွင် ရေသိုလှောင်နိုင်မှု ပမာဏအများဆုံးဖြစ်သော သဖန်းဆိပ်ရေလှောင်တမံသည် ရေပမာဏ အနည်းဆုံးရရှိနေသည့် စာရင်းတွင် ပါဝင်နေခြင်းဖြစ်ပါသည်။

မိုးရာသီ၏ ကျန်ရှိနေသည့် ရက်ပိုင်းများအတွင်း အထက်ပါဆည်များ၏ ရေဝေရေလဲ ဒေသများတွင် မိုးကောင်းစွာရွာသွန်းမှသာလျှင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန် အခြေအနေတိုးတက်ပါလိမ့်မည်။

မိုးများများရွာရန် တစ်ခုတည်းသော အခြေအနေမှာ မြန်မာ့ပင်လယ်ပြင်တွင် မုန်တိုင်းတော်တော်များများ ဖြစ်ပေါ်ဖို့လိုပါသည်။ တစ်ဖန်ထိုမုန်တိုင်းများသည် ရေလှောင်တမံများရှိရာ မြန်မာပြည်အထက်ပိုင်းဒေသများသို့ ဖြောင့်ဖြောင့်တန်းတန်းဝင်ရောက်လာရန်လည်း အထူးအရေးကြီးပါသည်။ ဤကဲ့သို့ ဝင်ရောက်ပြီး မိုးများရွာသွန်းမှသာလျှင် ရေလှောင်တမံများ ရေအပြည့်ရယူသိုလှောင်နိုင်ပါမည်။ သို့မှသာလျှင် တပ်ဆင်ထားသော တာဘိုင်များ အပြည့်အဝလည်ပတ်နိုင်ကာ လျှပ်စစ်ဓာတ်အားများပြည့်ပြည့်ဝဝ ထုတ်လွှတ်ပေးနိုင်ပါမည်။

ရေလှောင်တမံများ၌ ရေအပြည့်ဝင်ရောက်ခြင်းမရှိသေးသမျှကာလ တစ်လျှောက်လုံး မြန်မာ့ပင်လယ်ပြင်အတွင်း မုန်တိုင်းများများဖြစ်ပေါ်ပါစေဟု မသင့်သောဆုတောင်းမှုကို ပြုရမည့်အနေအထားတွင် ရှိနေပါသည်။

မြန်မာနိုင်ငံတွင်လူဦးရေ ၇၄ ရာခိုင်နှုန်းသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားလုံးဝသုံးစွဲခွင့်မရကြသေးပါ။ သုံးစွဲခွင့်ရသော ကျန် ၂၆ ရာခိုင်နှုန်းမှာလည်း အချိန်ပြည့်ရရှိကြသည်မဟုတ်ပါ။

မြန်မာနိုင်ငံ၏ လျှပ်စစ်သမိုင်းယဉ်ကျေးမှုသည် မိုးရွာသွန်းမှု တစ်နည်းအားဖြင့် ရာသီဥတုမှန်ကန်မှုအပေါ် အခြေခံ အားပြုတည်ဆောက်ခဲ့သော ရေအားလျှပ်စစ်အပေါ်၌သာ မှီခိုအားထားမိခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် နှစ်ပေါင်းငါးဆယ်ကျော် ဖြတ်သန်းလာခဲ့ကြပါသည်။ အခြေအနေကောင်းတစ်ရပ်ရရှိရန်အတွက် နည်းပညာကဏ္ဍသစ်တစ်ခုဖွင့်လှစ်ရန် အခြေအနေက ဖော်ညွှန်းလျက်ရှိနေပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းလည်းဖြစ်၊ ကုန်သွယ်ဖက်လည်းဖြစ်ကာ ကူးလူးဆက်ဆံမှုများပြားသော နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို လေ့လာကြည့်ပါက-

ထိုင်းနိုင်ငံ ၃၀၀၀၀ မဂ္ဂါဝပ်

ဗီယက်နမ်နိုင်ငံ ၁၃၀၀၀ မဂ္ဂါဝပ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၇၉၀၀၀၀ မဂ္ဂါဝပ်ရှိသည်ကိုတွေ့ရပါမည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ လျှပ်စစ်ထုတ်လုပ်မှုကို အမီလိုက်ရန်မလိုအပ်ဟု နိုင်ငံသားများက သဘောထားကြလျှင် ခပ်မှန်မှန်လေးသာ ဆောင်ရွက်သွားရန်ရှိပါသည်။ ထိုသို့ မဟုတ်ဘဲ ပြည်သူများက ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ကို အမီလိုက်ချင်သည်။ မီပြီဆိုလျှင် ရှေ့သို့ကျော်လွန်တက်သွားလိုပါသည်ဟု အမှန်တကယ်ဆန္ဒပြင်းပြခဲ့လျှင် အကောင်အထည်ဖော်ပေးဖို့ရာ ကြိုတင်ပြင်ဆင်ရပါတော့မည်။ ဤတာဝန်သည် ပညာရှင်များ၏ အဓိကတာဝန်ဖြစ်ပါသည်။ အစိုးရအဖွဲ့များက ဦးဆောင်စီမံခန့်ခွဲမှုသာ ပေးနိုင်ပါသည်။ အစိုးရအဖွဲ့တိုင်းက မလွဲမသွေ လိုက်နာကျင့်သုံးအကောင်အထည်ဖော်ရမည့် GRAND STRATEGY တစ်ရပ်ရှိရန် လိုအပ်နေပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းက ယခုနှစ် နွေရာသီတွင် ၁၆၈၈ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ခဲ့ပါသည်။ ယခုမိုးရာသီတွင် ၁၉၃၃ မဂ္ဂါဝပ် ထုတ်လုပ်ပေးနေပါသည်။

ယခုဖော်ပြခဲ့သော ကိန်းဂဏန်းများသည် အတိအကျ အမှန်အကန်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် နွေရာသီလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ၂၀၁၀ ခုနှစ် နွေရာသီ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုထက် ၆၀ ရာခိုင်နှုန်းကျော် ပိုမိုထုတ်လုပ်ခဲ့ပါသည်။ ယခုမိုးရာသီတွင်မူ ၉၀ ရာခိုင်နှုန်းကျော် ပိုမိုပြီး ထုတ်လုပ်ပေးနေပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပမာဏသည် အမှန်ပင် နောက်၌ ကျန်ရစ်နေပါသည်။ ရိုးရိုးလမ်းဟောင်းအတိုင်း ဆောင်ရွက်နေပါက နှေးကွေးသော တိုးတက်မှုနှုန်းသည် သုံးစွဲမှုလိုအပ်ချက်နှင့် အချိုးမကိုက်ဘဲရှိနေပါလိမ့်မည်။ အချိန်ကာလကြာလာလေလေ လူမှုစီးပွားဘဝ နိမ့်ကျလေလေ ဖြစ်လာမည်ကား သေချာလှပါသည်။

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် စွမ်းအင်ပင်ရင်းတစ်ခုတည်းပေါ်တွင် အခြေစိုက်၍မထားကြောင်း လေ့လာသိရှိရပါသည်။

ရေအားလျှပ်စစ်စနစ်၊

ကျောက်မီးသွေးသုံးလျှပ်စစ်စနစ်၊

သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်စနစ်၊

နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်စနစ်၊

ဤစွမ်းအင်အခြေခံလေးခုအပေါ်၌သာ ရပ်တည်ပြီး မိမိတို့၏လျှပ်စစ်မဟာဗျူဟာကို ရေးဆွဲကြပါသည်။ မည်သည့်စွမ်းအင်ကို ရာခိုင်နှုန်းအချိုးအစားမည်မျှဖြင့် သုံးစွဲသင့်သည်ကို မူဝါဒခိုင်ခိုင်မာမာချမှတ်ပြီး နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများကို မလွဲမသွေချမှတ်ယူကြရပါသည်။ ချမှတ်ပြီးသော လုပ်ငန်းအစီအစဉ်များကို လွယ်လွယ်လေးဖြင့် ပြင်လိုက်၊ ဖျက်လိုက်မလုပ်ကြပါ။ မဟာဗျူဟာတစ်ရပ်ကို သဲရဲတိုက်ဆောက်သလို ပြုလုပ်၍မရပါ။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးအတွက် မြန်နှုန်းမြင့်၍ ကြိုးစားကြရာတွင် မည်ကဲ့သို့သောစွမ်းအင်မျိုးကို မည်သည့်အချိုးအစားဖြင့် သုံးစွဲသင့်သည်ကို စဉ်းစားရာ၌ စိတ်ဝင်စားစရာအချက်အလက်များစွာရှိပါသည်။ ဂရုထားရမည့်အကြောင်းများစွာ ရှိလာပါသည်။

အသုံးပြုမည့် စွမ်းအင်တစ်ခုစီအတွက် အရင်းအမြစ်၏ ရေရှည်လုံလောက်မှု နည်းပညာအခြေအနေ၊ ရရှိမည့် အကျိုးပြုပမာဏ၊ ဘေးထွက်လက်ငင်းဆိုးကျိုး၊ ရေရှည်ကွင်းဆက်ဆိုးကျိုး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်မှုရှိ မရှိ၊ နိုင်ငံတော်၏လုံခြုံရေးနှင့် အချုပ်အခြာအာဏာကို ထိပါးနိုင်ခြင်းရှိ မရှိ၊ အမျိုးသားဂုဏ်သိက္ခာ ပျက်ယွင်းနိုင်ခြင်းရှိ မရှိ စသည့်အချက်များကို အဘက်ဘက်မှပြည့်စုံအောင် စဉ်းစားပြီးမှသာ အကောင်အထည်ဖော်ကြရပါသည်။

အထက်ပါ သုံးသပ်တင်ပြချက်၌ ငွေကြေးအမြတ်အစွန်းဆိုသည့် အချက်ကို ဖော်ပြမထားပါ။ အဘယ့်ကြောင့်ဆိုသော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် ပြည်သူတို့အတွက် ကျပ်ငွေ ၂၅၈ ဘီလီယံ အရှုံးခံဆောင်ရွက်နေခြင်းကြောင့်ပင်ဖြစ်ပါသည်။

၁၉၆၀ ခုနှစ်တွင် မင်္ဂလာဒုံ ပျဉ်းမပင်ဓာတ်အားခွဲရုံ (ယခု လှော်ကားဓာတ်အားခွဲရုံ)၌ "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ဟူသော လျှပ်စစ်ဆိုင်းဘုတ်ကြီးရှိခဲ့ပါသည်။

ညဘက်၌ မှောင်မှောင်မည်းမည်း အုံ့ဆိုင်းနေသော မင်္ဂလာဒုံ ရော်ဘာတောကြီးများ၊ ညို့မှိုင်းပိတ်ဆီးနေသော လှော်ကားသစ်တောကြီးဝိုင်းကြီးတို့၏ အလယ်တွင် တောက်ပနေသော လျှပ်စစ်ဆိုင်းဘုတ်ကြီးသည် အလွန်အားရ တက်ကြွဖွယ်အင်အားတို့ကို အမှန်ပင်ပေးစွမ်းခဲ့ပါသည်။

လျှပ်စစ်ဓာတ်အားကွန်ရက်စနစ်အတွင်းရှိ နေအိမ်များသို့ မီတာဘောက်များ လွယ်လွယ်တပ်ဆင်ပေးသည်။ အိမ်သုံး၊ လုပ်ငန်းသုံး၊ ပါဝါမီတာများ တပ်ဆင်ကြပါရန် လျှပ်စစ်ဝန်ထမ်းများက ပန်ကြားရသည့် အခြေအနေမျိုးရှိခဲ့ဖူးကြောင်းကို ယနေ့နှောင်းလူတို့ သိကြတော့မည်မထင်ပါ။

စိတ်ဝင်စားဖွယ်ဖြစ်နိုင်သော ဇယားလေးတစ်ခု ရေးဆွဲပြအပ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းပေါများ၍ လူမှုစီးပွားဘဝ တည်ငြိမ်သော မှော်ဘီမြို့လေးကို အခြေပြုပါသည်။

စားသုံး/ဝန်ဆောင်	၁၉၆၀ ခုနှစ်	၂၀၁၃ ခုနှစ် (ဩဂုတ်လ)
မုန့်ဟင်းခါးတစ်ပွဲ	၀၀. ၁၅ ပြား	၂၀၀ိ/ကျပ်
နံပြားတစ်ချပ်	၀၀. ၁၀ ပြား	၁၀၀ိ/ကျပ်
လက်ဖက်ရည်တစ်ခွက်	၀၀. ၁၅ ပြား	ရိုးရိုး၂၀၀ိ/၊ရှယ် ၂၅၀ိ/
ဘဲဥတစ်လုံး	၀၀. ၁၅ ပြား	၁၀၀ိ/ကျပ်
ခေါက်ဆွဲကြော်တစ်ပွဲ	၀၀. ၇၅ ပြား	၁၅၀၀ိ/ကျပ်
ရန်ကုန်-မှော်ဘီ ဘတ်စ်ကားခ	၀၀. ၇၅ ပြား	၄၀၀ိ/ကျပ်
ဆံပင်ညှပ်ခ	ကလေး ၀၀. ၃၀ ပြား လူကြီး ၀၀. ၅၀ ပြား	ကလေး } လူကြီး } ၅၀၀ိ/ကျပ်
လျှပ်စစ်ဓာတ်အား တစ်ယူနစ်	၀၀. ၃၀ ပြား	၃၅ိ/ကျပ်

မြန်မာနိုင်ငံအတွင်း တူးဖော်ရရှိသည့် ကျောက်မီးသွေးများသည် တတိယတန်းစားသာဖြစ်ပါသည်။ အပူထုတ်လွှတ်မှုစွမ်းရည်ပမာဏလျော့နည်းပါသည်။ ၎င်းကိုအသုံးပြုလျှင် ပမာဏပို၍သုံးရပါသည်။ တစ်ဖန် ကျောက်မီးသွေးသိုက်များ၏တည်ရှိပုံမှာလည်း ဟင်းလင်းပွင့်သိုက်အမျိုးအစားဖြစ်ရာ တူးဖော်မှုများကြောင့် မြေမျက်နှာပြင်ဆုံးရှုံးမှုများ၊ ပတ်ဝန်းကျင်ပျက်စီးမှုများကိုလည်း လက်ရှိကြုံတွေ့နေရပြီဖြစ်ပါသည်။

မဂ္ဂါဝပ်ထောင်ဂဏန်းရှိသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကျောက်မီးသွေးသုံးစနစ်အခြေပြုတည်ထောင်ပါက ဂေဟစနစ်များပျက်စီးရုံသာမက ပြည်သူတို့၏ကျန်းမာရေးများစွာထိခိုက်မှုရှိမည်ဖြစ်ကြောင်းကိုလည်း တာဝန်ရှိသူများ သိနားလည်ကြပါသည်။ ကျောက်မီးသွေးကို အသုံးပြု၍ အသေးစား၊ အငယ်စား လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရာ၌လည်း C.C.T. (ကျောက်မီးသွေးသုံး၊ သန့်ရှင်းသောစနစ်)ကိုသာလျှင် ခွင့်ပြုကြောင်း ပြည်ထောင်စုလျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မူဝါဒထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပြည်သူများ၏ ကျန်းမာရေးကို အလေးပေး၍ ကြိုတင်ကာကွယ်စောင့်ရှောက်ခြင်းလည်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ် နွေရာသီ လျှပ်စစ်လိုအပ်ချက်များပြားသော ကာလအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ်များမှနေပြီး စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၅၀ ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်ပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကာလ၌ပင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၂၀၀ ကျော် အသုံးပြုပြီး လျှပ်စစ်ဓာတ်အားများထုတ်ပေးနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိမှုများကိုပါ ပေါင်းစုလိုက်လျှင် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု မဂ္ဂါဝပ် ၂၂၀၀ ရရှိမည်ဖြစ်ပါသည်။

စက်မှုလုပ်ငန်းကဏ္ဍ၌ တိုးတက်များပြားလာမည့် စက်ရုံလုပ်ငန်းဌာနများအတွက်လည်း လျှပ်စစ်စွမ်းအားလိုအပ်ချက် ပြည့်မီစေရန်ကြိုးပမ်း၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ လိုအပ်သော လျှပ်စစ်ပမာဏရရှိစေရန်အတွက် တည်ဆောက်ဆဲနှင့်ဆက်လက်တည်ဆောက်မည့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများအားလုံး စက်စွမ်းအားအပြည့် လည်ပတ်နိုင်ရန် စံချိန်စံညွှန်းပြည့်မီသော သဘာဝဓာတ်ငွေ့ရည်များကို လုပ်ထုံးလုပ်နည်းမှန်ကန်စွာ အလုံအလောက် တင်သွင်းဝယ်ယူသွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးရေးအတွက် လက်တွေ့အခြေအနေအရပ်ရပ်များနှင့် ကိုက်ညီမှုရှိပြီး ကောင်းကျိုးအများဆုံးရရှိကာ ဆိုးကျိုးအနည်းဆုံးဖြစ်စေသော သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများကို တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ အခြားပိုကောင်းသော နည်းလမ်းမရှိသေးပါ။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ရေးကို တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော်ပြီး အလုပ်ဖြင့် သက်သေပြသွားမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

Time Frame

သီတင်းကျွတ်အားလပ်ရက်ခရီးစဉ်များ
ကိုရီးယားခရီးစဉ် Oct - 18
ဘန်ကောက်ခရီးစဉ် Oct - 18
ဟောင်ကောင်ခရီးစဉ် Oct - 20
Travelling Art Travels and Tours Co.,Ltd.

ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုကျောင်းခန်းမ၌ကျင်းပသည့် ခရမ်းမြို့နယ်အတွင်းရှိ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌက ယနေ့ခေတ်သည် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်ဖြစ်သည့်အလျောက် ကျောင်းသား ကျောင်းသူများက အိုင်တီနည်းပညာများကို လေ့လာသင်ယူစေလိုကြောင်း၊ ထူးချွန်စွာအောင်မြင်သွားသောသူများကို အတုယူ၍ ဆက်လက်ပညာသင်ကြားရမည့် တက္ကသိုလ်ကြီးများတွင် ပိုမို၍ ထူးချွန်အောင်မြင်သောကျောင်းသား ကျောင်းသူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်းဖြင့် ပြောကြားခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် သုံးဦးတို့ကို ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။**(ဓါတ်ပုံ)**

ထို့ပြင် လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကျောင်းအတွက် ကွန်ပျူတာတစ်စုံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)
[၁၃၇၅ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)]

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်		"တစ်လွှန်းပြတ်ကြိုး" (အပိုင်း-၂)
၆း၄၀	ဘုတလင်မြို့ကြောင်ပန်းတောရ "ကျေးဇူးရှင်ပထမဆရာတော် အရှင်ကုန္ဒက၏ တစ်ဘဝသာသနာ ထေရုပ္ပတ္တိဖြစ်စဉ်"	၃း၅၀	(၂၀၁၃) အာဆီယံအမျိုးသမီး ချန်ပီယံရှစ်တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအသင်းနှင့် ဂျပန်အသင်း)
၉း၅၀	"ကျေးဇူးတရားထွန်းကားရာ ဗုဒ္ဓဂယာ"	၅း၄၅	(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အကြိုလေ့ကျင့်မှု
၁၁း၁၅	"လောကရဲ့အလှရတနာ"	၆း၂၀	ရွှေရင်ခုန်သံ
၁၁း၃၀	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း	၆း၄၅	"ရုပ်ရှင်အနုပညာရှင်များရဲ့ ဝတ်စားဆင်ယင်မှုမြင်ကွင်းအဖုံဖုံ"
၁၁း၅၀	"ရွှေမျက်ပါးခေါ်ရွှေဆိုင်းလုပ်ငန်း"	၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၁၂း၂၅	ဖြူ/မဲ ရုပ်ရှင် "ကိုကိုနဲ့ပဲနေချင်တယ်" (နေအောင်၊ ပြုံးမောင်မောင်၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ထွန်းမြင့်ထွန်း)	၈း၃၅	ပြည်သူတို့ရဲ့စကားသံများ - ပြန်လည်ခံစားအနုပညာရုပ်များ "စိန်မဟာသဘင်"
၃း၁၅	အိန္ဒိယရုပ်ရှင်		

ရန်ကုန်မြို့ ညောင်ပင်လေးဈေး၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ညောင်ပင်လေးဈေး၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဲယားကွန်းတစ်လုံး အပါအဝင် ပစ္စည်းအနည်းငယ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရသည်။

ယနေ့နံနက် ၁၀ နာရီခန့်တွင် ညောင်ပင်လေးဈေးရှိ အာစီရှစ်ထပ်တိုက် လေးလွှာ အဆောင်(အေ) အခန်းအမှတ်(၄၀၄)ရှိ ကုမ္ပဏီရုံးခန်းတစ်ခုတွင် မီးလောင်ကျွမ်းခဲ့ပြီး ၁၅ မိနစ်ခန့် ကြာမြင့်ခဲ့ကြောင်း အဲယားကွန်းတစ်လုံး၊ ကွန်ပျူတာ UPS တစ်ခုနှင့် ဖိုက်ဘာတံခါးတစ်ခုတို့ အနည်းငယ်စီ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရခြင်းအကြောင်းရင်းမှာ အဲယားကွန်းမော်တာ အပူချိန်မြင့်တက်ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု သိရှိရကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ ကျောက်တံတားမြို့နယ် စမ်းချောင်း၊ အလုံ၊ တာမွေ၊ သာကေတ၊ လသာမြို့နယ်များမှ မီးသတ်ယာဉ် ၁၁ စီးရောက်ရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ကာ ၁၀ နာရီ ၁၇ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်တံတားမြို့နယ်အတွင်း အထပ်မြင့်တိုက်များပေါ်မှ ပြုတ်ကျသေဆုံးမှုနှစ်မှု တစ်နေ့တည်းဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်း အထပ်မြင့်တိုက်များပေါ်မှ ပြုတ်ကျသေဆုံးခဲ့ရသော ဖြစ်စဉ်နှစ်ခု ယနေ့နံနက်ပိုင်းက ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲက ကျောက်တံတားမြို့နယ်ရဲစခန်းမှ ဒုရဲအုပ် အောင်သန်းဝင်း တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းဆုံရာ နေရာ၌ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးနေကြောင်း **(ယာပုံ)**သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ စော်ရှီလာ (၂၅)နှစ်ဖြစ်ကြောင်း သိရပြီး ၎င်းမှာကျော်ဟုမ်းမတ် (Kyaw Home Mart)မှ အရောင်းစာရေး ဝန်ထမ်းတစ်ဦးဖြစ်ကာ နေထိုင်သော ငါးလွှာအမြင့်မှ ပြုတ်ကျသေဆုံးနေကြောင်း တွေ့ရသဖြင့် နာရေးကူညီမှုအသင်း၏ အစီအစဉ်ဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ရာ သေမှုသေခင်းအမှတ်စဉ် (၈/၂၀၁၃)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် ကျောက်တံတားမြို့နယ် ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် အောင်သန်းဝင်း ရန်ကုန်ဆေးရုံကြီးသို့ရောက်ရှိ၍ ပထမအမှုအား လက်ခံဆောင်ရွက်နေစဉ် အမျိုးသမီးတစ်ဦး အထပ်မြင့်တိုက်ပေါ်မှ ပြုတ်ကျသေဆုံး**(အောက်ပုံ)**ရောက်ရှိလာသဖြင့် သေဆုံးသူအား ကြည့်ရှုစစ်ဆေးရာ ၎င်းမှာ ပြုတ်ကျဒဏ်ရာကြောင့် မျက်နှာတွင်ဒဏ်ရာရရှိပြီး ၎င်း၏အမည်မှာ ကမ်တယ်(ခ) Kim tel အသက် (၂၃)နှစ်ခန့်ဖြစ်ကြောင်း၊ အမှတ် (၁၄၂) ရှစ်လွှာ လမ်း (၄၀) ကျောက်တံတား မြို့နယ်တွင် နေထိုင်ကြောင်းနှင့် ၎င်းသည် အထပ်မြင့်ရှစ်လွှာမှ ပြုတ်ကျကာ အောက်ထပ်ရှိ ဆန်းရှိတ်ပေါ်သို့ ကျရောက်ပြီး ဆန်းရှိတ်နေရာမှ တစ်ဆင့် လမ်းပေါ် ရပ်နားထားသော ကားပေါ်သို့ ပြုတ်ကျခဲ့ကာ ဆေးရုံသို့ပို့အပ်စဉ် လမ်း၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသဖြင့် ကျောက်တံတားမြို့နယ်ရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ် (၉/၂၀၁၃)ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဝ၄၀)**

Myanmar Native Land Public Co.,Ltd.

MYANMAR NATIVE LAND PUBLIC COMPANY LIMITED

အများနှင့်သက်ဆိုင်သောကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးစီးကြောင်းကြေညာခြင်း

မြန်မာ့ဇာတိမြေ အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် MYANMAR NATIVE LAND PUBLIC COMPANY LIMITED အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၂၆၇၅/၂၀၁၃-၂၀၁၄(၂-၉-၂၀၁၃)ဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (အများပိုင်)ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါသည်။

၎င်းအများပိုင်ကုမ္ပဏီသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရေးလုပ်ငန်း၊ သတ္တုတွင်းထွက်သယံဇာတလုပ်ငန်း၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့်သားငါးထုတ်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်ဇုန်တည်ဆောက်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အလတ်စား၊ အသေးစားစက်မှုလုပ်ငန်းများ၊ စတော့ရှယ်ယာရောင်းဝယ်ရေးလုပ်ငန်းနှင့် အခြားသောစီးပွားရေးကဏ္ဍများတွင်လည်း ပါဝင်ဆောင်ရွက်ရန်ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

၎င်းကုမ္ပဏီ၏အစုရှယ်ယာတစ်စုလျှင် ၁၀၀၀ဝိ/-(ကျပ်တစ်သောင်း)သတ်မှတ်ထားပြီး ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business)ရရှိသည့်အခါတွင် အစုရှယ်ယာများကိုဝယ်ယူနိုင်ရန် ထုတ်ဝေရောင်းချမည်ဖြစ်ပါသည်။ ရောင်းချမည့်အစီအစဉ်ကို အသေးစိတ်ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

မြန်မာ့ဇာတိမြေအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

(MYANMAR NATIVE LAND PUBLIC COMPANY LIMITED)

အမှတ်(၂၅)၊ လိပ်ကန်လမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Tel:+95-1-8610637, Fax:+95-1-8610638

E.mail: info@myanmarnativeland.com, mnlpco.ltd@gmail.com,

http://www.myanmarnativeland

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးစီမံကိန်း တင်ဒါအောင်မြင်ခဲ့သောကုမ္ပဏီနှင့် ညှိနှိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၇

အပြည်ပြည်ဆိုင်ရာလေဆိပ်များအနက် နိုင်ငံပိုင် မန္တလေး၊ ရန်ကုန်နှင့် ဟံသာဝတီလေဆိပ် သုံးခုကို တင်ဒါခေါ်ယူခဲ့ပါကြောင်း၊မန္တလေးနဲ့ ရန်ကုန်လေဆိပ်ကို Upgrade လုပ်ဖို့ဖြစ်ကြောင်း၊ ပထဝီအနေအထားအရ ဟံသာဝတီလေဆိပ်က တကယ့်အချက်အချာကျတဲ့ နေရာဖြစ်ပါကြောင်း၊ ပြီးခဲ့တဲ့ ၁၀ နှစ်ကျော်မှ စတင်ကာ အစိုးရက စဉ်းစားခဲ့ပြီး ၎င်းနေရာကို လေဆိပ်တည်ဆောက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ပြီးတော့ International Procedure အရ တင်ဒါခေါ်ယူခဲ့ပြီး DCA နှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်လက တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီကို ကြေညာပြီး ပထမဆုံးအကြိမ် တင်ဒါအောင်မြင်ခဲ့သည့် Incheon Airport Consortium နဲ့မြန်မာအဖွဲ့နှင့် အသေးစိတ် ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်က Request for Proposal အဆိုတင်သွင်းစဉ်က မြန်မာနိုင်ငံ၏လိုအပ်ချက်များမှ မည်သည့်အချက်များကို သဘောတူသည်၊ မည်သည့်အချက်အလက်များကို ပြန်ညှိရန်လိုသည်တို့ကို ချိန်ညှိမှာဖြစ်ပါကြောင်း၊ အဆိုပါ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းအတွက် နိုင်ငံပိုင်သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ရာတွင် ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၃၀ လျှောက်ထားခဲ့သည့်အနက်မှ ကုမ္ပဏီ ခုနစ်ခုကို ရွေးချယ်ခဲ့ပြီး ယင်းကုမ္ပဏီ ခုနစ်ခုအနက်မှ ပြန်လည်ရွေးချယ်ရာတွင် Incheon Airport Consortium မှ ရရှိခဲ့ပါကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းတင်ဒါအောင်မြင်ခဲ့သော ကုမ္ပဏီနှင့်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ယင်းနောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး တင်ဒါအောင်မြင်ခဲ့သော Incheon Airport Consortium မှ တာဝန်ရှိသူများက လေဆိပ်စီမံကိန်းနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရွှေဖုံးမှ

များကိုထုတ်လုပ်ပေးလျက်ရှိသည်။ တစ်လလျှင် တန်ချိန်၁၀၀၀ အထိ လျာထားထုတ်လုပ်လျက်ရှိ၏။

စက်ရုံ စတင်လည်ပတ်သည်မှ ယနေ့အထိ တံတားအခန်းပေါင်း သုံးရာကျော်အတွက် သံပေါင်များ ထုတ်လုပ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ တံတားများထဲတွင် ဧရာဝတီမြစ်ကူး တံတား နှစ်စင်း၊ ချင်းတွင်းမြစ်ကူး တံတားတစ်စင်းနှင့် စစ်တောင်းမြစ်ကူးတံတား တစ်စင်းပါဝင်သည်။ ယခုလက်ရှိတွင် ရွှေဂုံတိုင်ခုံးကျော်တံတားအတွက် သံပေါင်များ ထုတ်လုပ်ပေးလျက်ရှိသည်။

တံတားတစ်စင်းတည်ဆောက်ရာတွင် အောက်ခြေတိုင်တည်ဆောက်ခြင်းအပိုင်း၊ တံတားသံပေါင်များ ထုတ်လုပ်ခြင်းအပိုင်းနှင့် သံပေါင်များတပ်ဆင်ခြင်း၊ တံတားကြမ်းခင်းခြင်းအပိုင်းတို့ ပါဝင်ကြသည်။

ယခုနောက်ပိုင်း တည်ဆောက်ခဲ့သော မြစ်ကူးချောင်းကူးတံတားများအတွက် အသေးစိတ်ဒီဇိုင်းရေးဆွဲခြင်း၊ သံပေါင်ထုတ်လုပ်ခြင်းတို့ကို အမှတ်(၂) သံမဏိစက်ရုံမှ ဆောင်ရွက်ပေးခဲ့သည်။ ကျန်ရှိသော လုပ်ငန်းများဖြစ်သည့် တိုင်ထူခြင်း၊ သံပေါင်များတပ်ဆင်ခြင်း၊ တံတားကြမ်းခင်းခြင်းများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင် (လမ်း/တံတား) တို့မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတည်ဆောက်ဆဲ ရွှေဂုံတိုင်ခုံးကျော်တံတားအတွက် သံပေါင်ပြုလုပ်ခြင်းကို အမှတ်(၂) သံမဏိစက်ရုံမှ ထုတ်လုပ်ပေးရန် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ရွှေဂုံတိုင်တံတား သံပေါင်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ အမှတ်(၂)သံမဏိစက်ရုံ ဒုတိယစက်ရုံမှူး (ထုတ်လုပ်ရေး) ဦးမောင်မောင်ဦးက "ရွှေဂုံတိုင်ခုံးကျော်တံတား စီမံကိန်းကို ပြည်တွင်းကုမ္ပဏီတစ်ခုက လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပေမယ့် တံတားဒီဇိုင်းနဲ့ သံပေါင်များအတွက် ဂျပန်နိုင်ငံမှ JFE ကုမ္ပဏီကို တစ်ဆင့် ငှားရမ်းခဲ့ပါတယ်။ JFE ကုမ္ပဏီကတစ်ဆင့် ကျွန်တော်တို့ သံမဏိစက်ရုံကို လုပ်ငန်းပြန်လည်အပ်နှံပြီးတော့ သံပြားကုန်ကြမ်းတွေ ပေးပါတယ်။ နောက်ပြီး တံတားဒီဇိုင်းပုံစံလည်း ပေးပါတယ်။ အဲ့ဒီအပေါ်မှာ ကျွန်တော်တို့ စက်ရုံက ပညာရှင်များနဲ့ အသေးစိတ်ပုံစံ ပြန်ထုတ်ရပါတယ်။ ရရှိလာတဲ့ဒီဇိုင်းအတိုင်း တံတားသံပေါင်တွေကို အပိုင်းလိုက်လုပ်ပေးရပါတယ်။

ရွှေဂုံတိုင်တံတားက အကွေ့အကောက်တွေလည်းပါနေတယ်။ အနိမ့်အမြင့်တွေလည်းပါနေတယ်။ အရင်က ကျွန်တော်တို့ လုပ်ခဲ့တဲ့ တံတားသံပေါင်တွေဟာ အဖြောင့်တွေပဲများပါတယ်။ အခုရွှေဂုံတိုင်တံတားဒီဇိုင်းအရ သံမဏိဘောက်စ် (Box Girder) သံပေါင်အကွေးတွေကို ထုတ်လုပ်ပေးရတဲ့အတွက် လုပ်ရတာလည်း ခက်ခဲပါတယ်။ ခိုင်ခံ့မှုရှိအောင်လည်း အလွန်ဂရုစိုက်ရပါတယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံတွင် ယခင် တည်ဆောက်ခဲ့သော တံတားသံပေါင်များမှာ သံမဏိသံပေါင်ရက်မများ ဖြစ်သည်။ ရွှေဂုံတိုင်တံတား၏ ထူးခြားချက်မှာ ရက်မများသည် Box Type Girder တံတားမျိုး ဖြစ်သည်။

လေးထောင့်ပုံ Steel Box ကြီး သုံးခုကို အလျားလိုက်ချ၍ ကန့်လန့်ဖြတ်ချုပ်တန်းများဖြင့် တွဲဆက်ထားခြင်းဖြစ်သည်။ ခိုင်ခံ့မှုအားပိုကောင်းပြီး မြန်မာပြည်တွင် ပထမဆုံးအသုံးပြုသော တံတားဒီဇိုင်းပုံစံအသစ်တစ်ခုဖြစ်သည်။

ရွှေဂုံတိုင်တံတားမှာ အရှည် ၄၂၁ မီတာရှိပြီး ခန်းဖွင့် ၁၀ ခန်းရှိသည်။ အမှတ်(၂) သံမဏိစက်ရုံ အနေဖြင့် သံပေါင်အကြီး (Box) ၁၆၂ ခု ထုတ်လုပ်ပေးရသည်။ ထို့အပြင် မြေပြင်အနေအထားအရ Plate Girder နှစ်ခန်းထပ်တိုး၍ လုပ်ပေးရသဖြင့် စုစုပေါင်းတံတား ၁၂ ခန်းနှင့် တံတားအရှည် ၄၈၁ မီတာရှိသည်။

အင်ဂျင်နီယာမှူးကြီး ဦးဆန်းထွန်းက ဖြည့်စွက်ရှင်းလင်းပြောကြားရာတွင် "သံပေါင်အကြီးတစ်ခုလုပ်ပြီးတိုင်း စက်ရုံဘေးက ကွင်းထဲမှာ အစမ်းတပ်ဆင်ကြည့်ရသေးတယ်။ တံတားပေါ်မှာ တကယ်တပ်ဆင်တဲ့အတိုင်း ယာယီဘိုးနပ်တွေတွဲပြီး သံပေါင်ကြီးတစ်ခန်းကိုင်းရက်လောက်ကြာအောင် နေ့ညတပ်ဆင်ရတယ်။ Gantry ကရိန်းကြီးသုံးခုကို သုံးရပါတယ်။ အစမ်းတပ်ဆင်ပြီးတဲ့အခါ ပြည်ပကုမ္ပဏီမှ ကျွမ်းကျင်သူစစ်ဆေးရေးအဖွဲ့၊ ဒီဇိုင်းဌာန၊ ထုတ်လုပ်သူတို့သုံးဦးသုံးဖလှယ်ပေါင်းပြီး QC ကို စစ်ပါတယ်။ လိုအပ်ချက်ရှိရင် ချက်ချင်းပြန်ပြင်ရပါတယ်။ အစမ်းတပ်ဆင်ကြည့်ခြင်းဖြင့် အမှန်တကယ် တပ်ဆင်သောအခါ ဖြစ်ပေါ်လာနိုင်တဲ့ အခက်အခဲတွေကို ကြိုတင်ဖြေရှင်းပေးနိုင်ပါတယ်။

QC အောင်ပြီးရင် ယာယီဘိုးနပ်တွေဖြုတ်ပြီး အစိတ်အပိုင်းအလိုက် မျက်နှာပြင်တွေကို ဆေးကြောသန့်ရှင်းပြီး ပွတ်တိုက်ခြင်း၊ ဆေးသုတ်ခြင်းတွေ လုပ်ရပါတယ်။ ခံဆေးနှစ်ထပ်၊ အပေါ်ဆေးနှစ်ထပ်ကို airless spray gun နဲ့ မှုတ်တာဖြစ်ပါတယ်။

နောက်ပြီး ကျွန်တော်တို့ စက်ရုံမှာ သုံးတဲ့ ဂဟေစက်တွေဟာ Semi-auto နဲ့ Auto စက်တွေချည်းဖြစ်တာကတစ်ကြောင်း၊ CO 2 Welding အမျိုးအစားကို သုံးတာကတစ်ကြောင်းတို့ကြောင့် ဂဟေသားပြည့်ပြီး ခိုင်ခံ့မှုအားကောင်းပါတယ်။ ဂဟေနဲ့တွဲဆက်ထားတဲ့နေရာတွေမှာ တစ်သားတည်း ဖြစ်မဖြစ်၊ ခိုင်ခံ့မှုရှိ၊ မရှိကို ခါတ်မှန်စက်နဲ့ စစ်ဆေးခြင်းဖြင့် သေချာအောင် အဆင့်ဆင့်ဆောင်ရွက်ကြရပါတယ်"ဟု ပြောပြသည်။

ရွှေဂုံတိုင်ခုံးကျော်တံတားအတွက် ဂျပန်နိုင်ငံ JFE ကုမ္ပဏီက ရေးဆွဲပုံထုတ်ထားသော ဒီဇိုင်းအတိုင်း တံတားသံမဏိသံပေါင်ကြီး ၁၆၂ ခုမှာ အမှတ်(၂) သံမဏိစက်ရုံတွင် ထုတ်လုပ်ပြီးစီးနေပြီ ဖြစ်သည်။ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပင် Capital Development Co; မှ တံတားတိုင်များကို တည်ဆောက်လျက်ရှိရာ တံတားတိုင်များပြီးစီးပါက သံပေါင်များကို တပ်ဆင်လိုက်လျှင် မကြာမီအချိန်အတွင်းမှာပင် ခုံးကျော်တံတားကြီးရုပ်လုံးပေါ်လာတော့မည်ဖြစ်သည်။

အမှတ်(၂) သံမဏိစက်ရုံအနေဖြင့် မကြာမီ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြစ်ကိုဖြတ်ကူးမည့် တံတားကြီးအတွက် သံပေါင်များ စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်၏လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးအတွက် မရှိမဖြစ်လိုအပ်သော မြစ်ကူးချောင်းကူးတံတားများအတွက် သံမဏိသံပေါင်များကို အမှတ်(၂) သံမဏိစက်ရုံ (မြောင်းတကာ)မှ ထုတ်လုပ်ပေးလျက်ရှိပါကြောင်းတင်ပြလိုက်ရပါသည်။ ။

ရွှေဂုံတိုင်ခုံးကျော်တံတား၏ အမှတ်(၃)သံပေါင်ကို အမှတ်(၂)သံမဏိစက်ရုံတွင် အစမ်းတပ်ဆင်နေစဉ်။

ညောင်ဦးမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ညောင်ဦး စက်တင်ဘာ ၁၇

ညောင်ဦးမြို့နယ် တောင်ဘီအုပ်စု ဆယ်လံကျွန်းကျေးရွာနှင့် ညောင်ဦးမြို့ပေါ် အမှတ် (၁)၊ အမှတ် (၂)၊ အမှတ်(၃)၊ အမှတ်(၄)ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများက ရွှေမင်းဝံကျောင်းတိုက်နှင့် ရှစ်မျက်နှာကျောင်းတိုက်၊ တောင်ဘီဘုန်းတော်ကြီးကျောင်းတိုက်တို့သို့ အသီးသီးနေရာချထားပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားလျက်ရှိသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများသို့ ဆယ်လံကျွန်းကျေးရွာရေဘေးသင့်ပြည်သူများအား ညောင်ဦးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးနောင်နောင်နှင့်အဖွဲ့က ခေါက်ဆွဲထုပ် ၁၀၅၅ ထုပ်၊ ရေသန့် ၂၀ လီတာဆံ့ဘူး ၅၀ နေ့စဉ်လှူဒါန်းပြီး ရေသောက်ရန် ဖန်ခွက် ၁၀ လုံးလှူဒါန်းခဲ့သည် ဟု သိရသည်။ ဆက်လက်ပြီး ရွှေမင်းဝံကျောင်းတိုက်နှင့် ရှစ်မျက်နှာကျောင်းတိုက်အတွင်းရေဘေးသင့်အိမ်ထောင်စုများအား စက်တင်ဘာ ၁၇ ရက် ညနေ ၄ နာရီတွင် ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကော်မတီများ၊ မြို့နယ်အတွင်းရှိ ၉၁ အုပ်စုမှ စည်းရုံးရေးမှူးများက စုစုပေါင်း ဆန်အိတ် ၂၀ နှင့် ဆပ်ပြာမှုန့်ထုပ်နှင့် အဝတ်အထည်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ကျော်ဌေး)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၉-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"စာသင်ကြွသည့် အမေ့သား" တရားတော် (ဆရာတော် ဘဒ္ဒန္တ အဂ္ဂသိရီ)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ"(အပိုင်း-၇၆)
၇း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၁၄)
၈း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ"(အပိုင်း-၅၇)
၉း၀၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဒီဇိုင်နာမမ"(အပိုင်း-၂၉)

ရေဘေးသင့် အိမ်ထောင်စုများအား ဆန်ထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၁၇

စက်တင်ဘာ ၁၆ ရက်က မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် သာယာအေးကျေးရွာ၌ ဧရာဝတီမြစ်ရေ သုံးပေခန့်ဝင်ရောက်ခဲ့သဖြင့် ယင်းကျေးရွာရှိ အိမ်ထောင်စု ၅၀၊ လူဦးရေ အမျိုးသား ၈၈ ဦး၊ အမျိုးသမီး ၁၁၄ ဦး စုစုပေါင်း ၂၀၂ ဦးတို့အား ညောင်ကန်ကျေးရွာ တောတိုက်ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်စေပြီး လူ၊ တိရစ္ဆာန်သေပျောက်မှုမရှိကြောင်း သိရသည်။ အဆိုပါ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများအား တောင်သာမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး၊ တောင်သာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့တို့ပူးပေါင်း၍ အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ်နှုန်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(ရဲပြန်ကြား)

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ**(ဓါတ်ပုံ)** ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရှေ့အလားအလာကိစ္စများ၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လူ့အရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ်လိုအပ်မှုများနှင့် အုပ်ချုပ်ရေးအပိုင်းအနေဖြင့် ပြည်သူများပါဝင်သည့် အုပ်ချုပ်ရေးဝန်ဆောင်မှုစနစ်သို့ ကူးပြောင်းနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့်ပြည်နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိ မြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပညာရေး၊ ကျန်းမာရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးထားမှု၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်ရရှိရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေ့စဉ်ထုတ်သတင်းစာများကို Mobile Phone များတွင် ကြည့်ရှုနိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာများကို အွန်လိုင်း အင်တာနက်မှတစ်ဆင့် မိမိတို့၏ ကွန်ပျူတာ၊ Tablet နှင့် Mobile Phone များမှတစ်ဆင့် ကြည့်ရှုနိုင်ပြီဖြစ်ပါသည်။ ကွန်ပျူတာမှတစ်ဆင့် ဖတ်ရှုလိုသူများနှင့် Download ချပြီး သိမ်းဆည်းထားလိုသူများအတွက် www.moi.gov.mm/npe/mal၊ www.moi.gov.mm/npe/km၊ www.moi.gov.mm/npe/nlm Website လိပ်စာများမှတစ်ဆင့် ဖတ်ရှုသိမ်းဆည်းထားနိုင်ပါသည်။

Android Mobile Phone များနှင့် Tablet များမှတစ်ဆင့် ဖတ်ရှုလိုသူများအတွက် m.moi.gov.mm/npe/mal၊ m.moi.gov.mm/npe/km၊ m.moi.gov.mm/npe/nlm Website လိပ်စာများမှတစ်ဆင့် ဖတ်ရှုနိုင်ပြီး မိမိ၏ Android Mobile Phone များနှင့် Tablet များမှ အလွယ်တကူတိုက်ရိုက်ဖတ်ရှုနိုင်ရန် apk အတွက် google playstore ၏ Categories တွင် news and magazines ကို ရွေးချယ်၍ မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar စာသားအမှတ်တံဆိပ်ပါ Application Icon များကိုနှိပ်၍ Install လုပ်ယူကာ မိမိ Mobile Phone များနှင့် Tablet များပေါ်တွင် တိုက်ရိုက်ဖတ်ရှုခြင်းနှင့် Download ချ၍ ဖတ်ရှုခြင်းများပြုလုပ်နိုင်ပါသည်။ Download ချ၍ ဖတ်ရှုရန်အတွက် မိမိ Mobile Phone များနှင့် Tablet များပေါ်တွင် Acrobat Reader Version ကို ဦးစွာ Install လုပ်ထားရန်လိုအပ်ပါသည်။

ipad နှင့် iPhone များအတွက် The Apple Store တွင် Mobile app ကို Free Download ချ၍ ဖတ်ရှုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

အုပ်စု(က) ပွဲစဉ်များ ပြီးစီး ဩစတြေးလျနှင့် ဗီယက်နမ်ဆီမီးတက်

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

၂၀၁၃ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင် တစ်ပြိုင်နက် ယှဉ်ပြိုင်ကစားသည်။

(သုဝဏ္ဏကွင်း)

ဩစတြေးလျယူ-၁၉ - ဂိုးမရှိ
ဗီယက်နမ် - ဂိုးမရှိ

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းမှာ အုပ်စုတက်ရေးအတွက် အရေးပါသည့် သရေတစ်မှတ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျယူ-၁၉ အသင်းမှာ အုပ်စုတက်ပြီဖြစ်သောကြောင့် ယခုပွဲကို ပုံမှန်သာ ကစားသွားခဲ့သည်။

(အောင်ဆန်းကွင်း)

ထိုင်း - ခြောက်ဂိုး
မလေးရှား - ဂိုးမရှိ

ထိုင်းအသင်းမှာ အုပ်စုတက်ရေး မျှော်လင့်ချက်အတွက် မလေးရှားအသင်းကို ဂိုးပြတ်အနိုင်ကစားခဲ့သည်။ ထိုင်းအသင်းမှာ ပွဲစကတည်းက ဂိုးရရှိရန် ကြိုးစားခဲ့ပြီး ဂိုးဒါဇင်ဝက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ တစ်ချိန်တည်း ကစားခဲ့သည့်ပွဲတွင် ဗီယက်နမ်အသင်းက သရေကစားခဲ့သောကြောင့် ထိုင်းအသင်းမှာ အုပ်စုမှ ထွက်ခဲ့ရသည်။

အုပ်စု(က) ပွဲစဉ်များပြီးဆုံးပြီဖြစ်ရာ ဩစတြေးလျက ၁၀ မှတ်ဖြင့် ပထမ၊ ဗီယက်နမ် ရှစ်မှတ်ဖြင့် ဒုတိယတို့ရရှိကြသည်။ ကွင်းဝင်ကြေးများ စက်တင်ဘာ ၁၈ ရက်မှစ၍ အထူးတန်းကျပ် တစ်ထောင်၊ ရိုးရိုးတန်း ကျပ်ငါးရာအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပွဲ
ညနေ ၄ နာရီ
(သုဝဏ္ဏကွင်း)
မြန်မာ - ဂျပန်ယူ-၂၃
(အောင်ဆန်းကွင်း)
လာအို - ဖိလစ်ပိုင်။

ထိုင်းနှင့် မလေးရှားတို့ ယှဉ်ပြိုင်နေစဉ်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးသော်လည်း ကန်များရေပြည့်လျှံသည့်အတွက် တောင်သူများဝမ်းမြောက်

ညောင်ဦး စက်တင်ဘာ ၁၇

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီမှစတင်ပြီး တစ်ညလုံး မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ကျေးရွာတိုင်းရှိ ရေကန်တိုင်းလည်း ပြည့်လျှံခဲ့ပြီး လမ်းများပျက်စီးမှု အနည်းငယ်ရှိခဲ့ကာ ချောင်းများ ရေလျှံမှုကြောင့် ချောင်းနံဘေးရှိ ခြောက်လပဲခေါ် ပဲကြီးခင်းများ၊ သုံးလပဲခေါ် ပဲလေးခင်းများ၊ ပဲနောက်ခင်းများ၊ နှမ်းကြီးခင်းများတွင် သဲများပို့ပြီး ဆုံးရှုံးခြင်းနှင့် အချို့ယာခင်းများတွင် ရေတိုက်စားခံရခြင်းများဖြစ်ပွားခဲ့သည်။

ရေရှားမှုဖြစ်ခဲ့သော ကျေးရွာများမှ ရေတစ်စည်လျှင် ကျပ် ၂၅၀၊ ၅၀၀ ပေးဝယ်ရပြီး တစ်နေ့လျှင် ကုန်ကျစရိတ် ကျပ် ၁၀၀၀ ကျော်လောက် ကုန်ကျခဲ့ရာ ယခုလိုမိုးရွာသွန်းမှုကို ပျော်ရွှင်နေကြသော်လည်း တစ်ဖက်က မိုးသည်းထန်စွာရွာသွန်းပြီး သီးနှံများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။ **(ကျော်ဌေး)**

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၁၇

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက အဆိုတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်း ဖြေကြားခြင်းနှင့် ဥပဒေမူကြမ်းတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

***တောင်သမန်အင်းမှ**

ဦးပိန်တံတားတွင် တည်ခင်းရောင်းချနေသော ဆိုင်အချို့မှာ ရေနစ်မြုပ်လျက်ရှိရာ ဆိုင်ပိတ်ထားရပြီး ကားလမ်းဘေးရှိ ရေလွတ်သောဆိုင်များသာ ဖွင့်လှစ်ရောင်းချနေရသည်။ ဦးပိန်တံတားအရှေ့ဘက်ရှိ ရတနာပုံတက္ကသိုလ်နှင့် ထန်းတောရွာအပါအဝင် အနီးရှိကျေးရွာများမှာ ရေနစ်မြုပ်လျက်ရှိပြီး အနောက်ဘက်ခြမ်းရှိ ရွှေကွမ်းထုတ်ရပ်ကွက်၊တရုတ်တန်းလေးရပ်ကွက်၊ တရုတ်တန်းကြီးရပ်ကွက်တို့တွင်လည်း ရေနစ်မြုပ်နေရာ အိမ်ထောင်စုထောင်ပေါင်းများစွာ ရေဘေးသင့်နေကြရကြောင်း သိရသည်။ **(၀၀၂)**

❒ဧရာဝတီမှ

သံလွင်မြစ်ရေသည် ဘားအံမြို့၌ စက်တင်ဘာ ၁၀ ရက် ည ၇ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၃ စင်တီမီတာ (၂ ဒသမ ၁ ပေခန့်)ကျော်လွန်နေကာ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဖျာပုံမြို့အောင်သုခလမ်း (၃)ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

ဖျာပုံ စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ (၃) ရပ်ကွက် အောင်သုခလမ်း အမှတ် (၁၈၈-ခ) ဦးမြဝင်းပိုင် နှစ်ထပ်တိုက် ပေ ၂၀ ပေ ၄၀ ရှိ အဆောက်အအုံအပေါ်ထပ်တွင် စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲက မီးစတင်လောင်ကျွမ်းရာ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မီးညွန့်ထိန်းနိုင်ခဲ့ပြီး နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိနှင့်အဖွဲ့ဝင်၂၀ ဦး၊ မီးသတ်တပ်ဖွဲ့မှ အရာရှိနှင့်အဖွဲ့ဝင် အပါအဝင် ၁၀ ဦး၊ အရန်မီးသတ် ၃၀၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူအင်အား ၅၀ တို့ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ အဆောက်အအုံတွင် လျှပ်စစ်မီးကြိုး အပူလွန်၍ လောင်ကျွမ်းရခြင်းဖြစ်ကြောင်း သိရသည်။ **(၅၄၀)**

ကျန်းမာသုတ

ကြည်လွင်မြင့်(မုခြာ)

မိုးရေထဲသွားပြီး ခြေထောက်ရေစိုလျှင် ရေနွေးမသောက်သင့်

မိုးရာသီရောက်သောအခါ အိမ်အပြင်ထွက်ပြီး မိုးစိုလာသူများ ဖျားနာတတ်ကြသည်။ အပြင်ထွက်ရင်း မိုးမိပြီး နေမကောင်းဖြစ်သူ၊ အအေးပတ်ပြီး ဖျားနာသူများ ရှိသကဲ့သို့ ခြေထောက်တွင် အချိန်ကြာမြင့်စွာ ရေစိုသူများမှာ အထက်သို့ အပူကန်ရောဂါများဖြစ်တတ်သည်။ အပူကန်ခြင်းကြောင့် လည်ချောင်းနာခြင်း၊ အာသီးရောင်ခြင်း၊ ပသိရောင်ခြင်း၊ သွားဖုံးကြွ၍ သွားနာခြင်း၊ မျက်စိနီရဲခြင်း၊ ခေါင်းကိုက်ခြင်း၊ နားကိုက်ခြင်း၊ နားပြည်ယိုခြင်းများ ဖြစ်နိုင်သည်။

မိုးရွာပြီး ရေစီးရေလာမကောင်းသော၊ ရေဝပ်သော အရပ်တွင် နေထိုင်သူများ ၊ ရေနစ်မြုပ်သည့်ရပ်ကွက်များတွင် နေထိုင်သူများတွင် အဖြစ်များသောရောဂါမှာ အအေးပတ်နှာစေးခြင်း၊ အဖျားအနာဖြစ်ခြင်းများအပြင် အစာမကြေခြင်း၊ လည်ချောင်းနာခြင်း၊ အစာအိမ်ရောင်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဆီးအောင့်ခြင်းနှင့် အမျိုးသမီးများတွင် မီးယပ်ဖြူဆင်းရောဂါများ အဖြစ်များသည်ကို တွေ့ရသည်။

မိုးရာသီမဟုတ်ဘဲ ရေစိုသည့်အလုပ်၊ အထူးသဖြင့် ခြေထောက်တစ်ပိုင်းရေစိုသည့် အလုပ်လုပ်ရသည့် ရေလုပ်သားများ၊ ရေခဲစက်နှင့် အအေးခန်းကြမ်းပြင်ရေစိုတွင် အလုပ်လုပ်ရသူများ၊ ဘိလပ်မြေလောင်းသည့် ပန်းရန်လုပ်သားများတွင် အဖြစ်များသောရောဂါမှာ ဆီးအောင့်၊ ဆီးချုပ်ရောဂါနှင့် လေအောင့်လေနာရောဂါဖြစ်ကြောင်း တွေ့ရသည်။ ဤသို့ ဖြစ်ရခြင်းမှာ ခြေထောက်အေးပြီး အထက်သို့ အပူကန်ခြင်းကြောင့်ဖြစ်သည်။

အရပ်ထဲတွင် အိမ်တကာလှည့်ပြီး အဝတ်လျှော်သော အမျိုးသမီးကြီးတစ်ဦးမှာ အသက် ၄၀ မကျော်သေးဘဲ မျက်စိမှုန်ရောဂါနှင့် အတွင်းတိမ်စွဲရောဂါ ခံစားနေရကြောင်း တွေ့ရသည်။ အဝတ်လျှော်သောအလုပ်သည် ခြေထောက်သာမက လက်နှစ်ဖက်ပါ အမြဲရေစိုသော အလုပ်ဖြစ်သဖြင့် အပူများအထက်သို့စုကာ မျက်စိအတွင်းရှိ မှန်ဘီလူးတွင် အငွေ့များရိုက်ပြီး အမြင်မှုန်ဝါးကာ တိမ်စွဲရခြင်းဖြစ်သည်။

ရေချိုးသောအခါ ဒူးဆစ်မှအောက်ပိုင်း ရေအရင်မလောင်းဘဲ ရေချိုးသူများလည်း အသက်ငယ်ငယ်နှင့် မျက်စိမှုန်ရောဂါရတတ်သည်။ ရေချိုးသောအခါ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ဒူးဆစ်၏အောက်ပိုင်း အခိုးထွက်အောင် ရေငါးခွက်ခန့် လောင်းပြီးမှသာ အထက်ပိုင်း ရေလောင်းချိုးသင့်သည်ကို သတိပြုပါ။ အညောင်းထိုင်သူများသည် ရေမချိုးသည့်တိုင် ညအိပ်ရာဝင်ချိန်တိုင်း ခြေထောက်ဒူးအောက်ပိုင်း ရေလောင်းပြီးမှအိပ်လျှင် မျက်စိမှုန်ခြင်း၊ တိမ်စွဲခြင်းအပြင် အညောင်းအကိုက်ရောဂါများပါ သက်သာစေနိုင်သည်။

လူတို့သည် မိုးမိလာပြီး ခြေထောက်ရေစိုလာလျှင် ရေနွေးသောက်ခြင်း၊ ကော်ဖီပူပူသောက်ခြင်း ပြုလုပ်လေ့ရှိသည်။ ဤသို့ ပြုလုပ်ခြင်းသည် ချက်ချင်းဘာမှမဖြစ်နိုင်သော်လည်း ရိုးရာဆေးပညာရှုထောင့်မှ ကြည့်လျှင် မမှန်ကန်ပေ။ လျှာတွင် အရသာအားဖြင့် ပူနွေးသွားသည်မှန်သော်လည်း အထက်သို့တက်နေသည့် အခိုးအကင်းကို မနိုင်ပေ။ လည်ချောင်းလေပြွန်နှင့် အာခေါင်အတွင်းမှ အပူခိုး၊ အပူငွေ့များသည် အာခေါင်အထက်ရှိ အပေါက် အခေါင်းမှတစ်ဆင့် မျက်စိသို့ တက်သွားခြင်းကြောင့် မျက်စိမှုန်ခြင်း၊ တိမ်စွဲခြင်းတို့ ရေရှည်တွင် ဖြစ်စေနိုင်သည်ကို သတိပြုသင့်သည်။ တစ်ခါတစ်ရံ မျက်စဉ်းခတ်လျှင် မျက်စဉ်းအရည်သည် အာခေါင်အတွင်းသို့ရောက်ပြီး ခါးလာသည်ကို သတိထားမိလျှင် အခိုးအကင်းများတက်သည့် အပေါက်ရှိသည်ကို သတိပြုမိပေလိမ့်မည်။

မိုးရာသီတွင် အပြင်သွားပြီး ခြေထောက်ရေစိုလာလျှင် အဝတ်အစားလဲ၊ ခြေထောက်မှ ရေကိုခြောက်အောင် အရင်သုတ်ပါ။ ထို့နောက် အာခေါင်နှင့် လည်ချောင်းအတွင်းရောက်နေသော အခိုးများ မျက်စိသို့မရောက်အောင် ရေအေးအေးတစ်ခွက်သောက်ခြင်းဖြင့် အပူကန်ခြင်း ရောဂါဝေဒနာများမှ ကင်းဝေးနိုင်ကြောင်း တင်ပြအပ်ပါသည်။ ။

ခွန်နန်းချောင်းတံတားသစ် တည်ဆောက်ပြီးစီး

အင်းတော် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးတွင် အရေးပါသော အင်းတော်မြို့နယ် ခွန်နန်းချောင်းကူးတံတားသစ် တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ယခုဆောက်လုပ်ပြီးစီးသည့် ခွန်နန်းချောင်းကူးတံတားမှာ အလျားပေ ၃၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေရှိ အာရ်စီကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းကြီးအဖွဲ့(၂)မှ တာဝန်ယူဆောက်လုပ်ခဲ့ပြီး ကုန်ကျငွေ ကျပ်သန်း ၈၁၀ ခန့်ရှိကြောင်း သိရသည်။

“ကျွန်မတို့ ခွန်နန်းချောင်းတံတား တည်ဆောက်ပြီးသွားတာ အရမ်းဝမ်းသာပါတယ်။ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကားလမ်းအတွက် အရေးပါပါတယ်။ ကသာခရိုင်အတွင်း ထီးချိုင့်-အင်းတော်-ကသာနဲ့ ဒေသတွင်း ကျေးရွာများလမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေလွယ်ကူသွားနိုင်ပါပြီ” ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။ **(အင်းတော် မြန်/ဆက်)**

ပန်ဆိုင်း(ကြူကုတ်)၌ ဘိန်းဖြူများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ် ပန်ဆိုင်း(ကြူကုတ်) ဘီးခွန်ဂိတ်အနီးတွင် မူဆယ်မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၃ နာရီခွဲခန့်တွင် မူဆယ်မြို့နယ် မုံးကိုးမြို့နယ်ခွဲနေ ရှယ်အိန်းဖင့်(၃၉) နှစ်မောင်းနှင်လာသည့် ကမ်ဘို-၁၂၅ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ဆိုင်ကယ် ထိုင်ခုံအောက်မှ ဘိန်းဖြူဘလောက်တုံး လေးတုံး (အလေးချိန် ၂ ဒသမ ၀၄ ကီလိုဂရမ်) စုစုပေါင်း တန်ဖိုးငွေကျပ် ၄၀၈ သိန်းကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ စက်တင်ဘာ ၁၄ ရက် ညနေ ၃ နာရီတွင် ရန်အယ်က ပန်ဆိုင်း(ကြူကုတ်)မြို့သို့ ဘိန်းဖြူများ သွားရောက်ပို့ဆောင်ပေးရန်နှင့် ဝမ်တိန်ချောင်းအနီးတွင် တရုတ်ဖုန်းနံပါတ် . . . . သို့ ဆက်သွယ်ရန် ပြောကြားခဲ့သဖြင့် ဘိန်းဖြူဘလောက်တုံး လေးတုံးနှင့် ပို့ဆောင်ခ တရုတ်ယွမ်ငွေ ၄၀၀၀ ရရှိမည်ဖြစ် ကြောင်း၊ စရန်ငွေအဖြစ် ယွမ်ငွေ ၁၀၀၀ ယူခဲ့ကြောင်း သိရသဖြင့် ရှယ်အိန်းဖင့်အား ပန်ဆိုင်း(ကြူကုတ်) နယ်မြေရဲစခန်းက မယ(ပ)၉/ ၂၀၁၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ စက်တင်ဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကြေးမုံ (စိုက်ပျိုးရေးမိုးလေဝသ)	၁၃၁	၅. ၁၆	၁၂၅	၄. ၉၂	၈-၉-၂၀၀၂	၄၀

မျှော်လင့်ခြင်းတွေ ရင်မှာကိုယ်စီ

လူတိုင်းရင်ထဲတွင်မျှော်လင့်ချက်များနှင့် ဟန်ချက်ညီညီ ဘဝရပ်တည်နေကြရသည်။ ဒီတစ်ပတ်ရပ်ကွက်ထဲတွင် မဲစနစ်ဖြင့်ပေးမည့်ဖုန်းမှာ GSM ဖြစ်သည်ဟုပြောနေကြ၍ လူတော်တော်များများ စိတ်ဝင်စားနေကြသည်။ လွန်ခဲ့သည့် တစ်ရက်၊ နှစ်ရက်ခန့်က လျှောက်လွှာတင်ခဲ့ကြပြီး ယနေ့တွင် မဲစနစ်ဖြင့် ဖုန်းကံပေါက်၊ မပေါက် စောင့်ကြည့်ကြရမည်ဖြစ်သည်။ မျှော်လင့်ချက်ဖြင့်စောင့်စားရခြင်းမှာလည်း စိတ်ဝင်စားစရာလည်းကောင်း၊ အဓိပ္ပာယ်လည်းရှိ၏။

ဒီလနှင့်ပါဆိုလျှင် ရပ်ကွက်အတွင်း မိုဘိုင်းဖုန်းများ မဲစနစ်ဖြင့်ချပေးနေသည်မှာ လေးကြိမ်တိုင်ပြီဖြစ်သည်။ ဒီတစ်ပတ် ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက်အတွက် ခွဲတမ်းကျသည့်ဖုန်းအရေအတွက်မှာ GSM ၁၀၅ လုံးဖြစ်သည်။

ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဇူလိုင် ၂၃ ရက် နောက်ပိုင်း၌ GSM ကံကောင်းဖို့ ဆုတောင်းရင်းမျှော်လင့်ခြင်းဖြင့် မိုးရေထဲစောင့်စားနေကြသည်ကိုတွေ့ရသည်။ Prepaid GSM, WCDMA မိုဘိုင်းဖုန်းများသည် အင်တာနက်စနစ်အတွက် ယခင်ကလို ဌာနသို့လူကိုယ်တိုင်လာရောက်စရာလည်းမလိုပါ။ ဟန်းဆက်အရောင်းဆိုင်များမှလည်း ဝန်ဆောင်ခယူ၍ အင်တာနက်သုံးစွဲရန် ကိုယ်စားလှယ်လျှောက်ထားလုပ်ဆောင်ဖို့မလိုတော့ပြီ။ အင်တာနက်လျှောက်ထားရန်အတွက် ဖုန်းကိုင်ဆောင်ထားသူသည် ဖုန်းအတွင်း ငွေတစ်သောင်း ဖြည့်သွင်းထားဖို့လိုအပ်ပါသည်။ ထို့နောက် “1331” နံပါတ်သို့ Order data service စာအား SMS ပေးပို့ရမည်ဖြစ်သည်။ ယင်းနောက်တွင် “You have order data service successfully” ဟူသော စာကိုပြန်လည်ရရှိချိန်တွင် လျှောက်ထားသူ၏ ဖုန်းသွင်းထားသည့်ငွေထဲမှ ကျပ်တစ်သောင်းကို အင်တာနက်ဝန်ဆောင်မှုအဖြစ် ဖြတ်တောက်ယူမည်ဖြစ်သည်။

အဆိုပါ SMS စနစ်ဖြင့် အင်တာနက်လျှောက်ထားသုံးစွဲခြင်းသည် မိုဘိုင်းဖုန်းသုံးစွဲသူများအတွက် ကရိကထမဖြစ်စေဘဲ အကျိုးကျေးဇူးများစွာ ရရှိနိုင်ပေမည်။

ယခုလို လစဉ်မဲစနစ်ဖြင့် မိုဘိုင်းဖုန်းများ ဖြန့်ဝေရောင်းချခြင်းသည် ဖုန်းကိုင်ဆောင်သူတို့အတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်ကိစ္စများအချိန်မီဖြေရှင်းနိုင်၍ ဖုန်းလိုအပ်သူတို့အဖို့ မျှော်လင့်ချက်လင်းရောင်ခြည်တစ်ချက်ကလေးပင်မဟုတ်ပါလား။

ခင် လ ပြည့် ဝန်း

ကျိုက်ထိုမြို့နယ်တွင် ရထားလမ်းရေကျော်သဖြင့် လူစီးရထားများစောင့်ဆိုင်းရ

ကျိုက်ထို စက်တင်ဘာ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် စက်တင်ဘာ ၁၅ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နဝရတ်ရပ်ကွက်ရှိ ကန်သာယာ ရေလျှံရာမှ အနီးရှိ ရန်ကုန်-မော်လမြိုင် ရထားလမ်း စစ်တောင်းတံတား(ဟောင်း)အရှေ့ဘက် ကိုက် ၃၀၀ ခန့် အကွာမှစ၍ သံလမ်းပေါ်တွင် ၁၁ လက်မခန့် ရေကျော်ခဲ့သည်။

ရထားလမ်း ရေကျော်သဖြင့် မော်လမြိုင်မှ ထွက်ခွာလာသော အမှတ်(၈၆)အစုန် ပဲခူး-မော်လမြိုင် လော်ကယ်ရထားသည် သိမ်ဇရပ်ဘူတာ၌လည်းကောင်း၊ နေပြည်တော်မှ အောက်ပိုင်းသို့ထွက်ခွာလာသော အမှတ်(၁၇)အဆန် လူစီးအမြန်ရထားသည် စစ်တောင်းတံတား အနောက်ဘက်ကမ်း ပဲခူးတိုင်းဒေသကြီး ဆပ်သွားကုန်းဘူတာ၌လည်းကောင်း ရပ်တန့်ထားခဲ့ရသည်။ ရေပြန်ကျပြီးနောက် နေပြည်တော်-မော်လမြိုင် အမှတ်(၁၇)အဆန် လူစီးအမြန်ရထားသည် သိမ်ဇရပ်ဘူတာမှ ည ၇ နာရီခွဲတွင် မော်လမြိုင်ဘက်သို့လည်းကောင်း၊ မော်လမြိုင်-ပဲခူး အမှတ်(၈၆)အစုန် လော်ကယ်ရထားသည် ည ၇ နာရီ မိနစ်၄၀ တွင် ပဲခူးဘက်သို့လည်းကောင်း ထွက်ခွာသွားခဲ့သည်။

သိမ်ဇရပ်မိုး/ဇလ စခန်း၏ တိုင်းတာချက်အရ ယင်းနေ့က သိမ်ဇရပ်တွင် နံနက် ၉ နာရီခွဲမှ ညနေ ၆ နာရီခွဲထိ ရွာသွန်းသောမိုးရေချိန်မှာ ၄ ဒသမ ၅၇ လက်မရှိကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

သိမ်ဇရပ်တွင် မိုးကြီးပြီး မြေပြို

ကျိုက်ထို စက်တင်ဘာ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် စက်တင်ဘာ ၁၅ ရက်က မိုးကြီးပြီး တောင်ကမ်းပါးယံမှ မြေပြိုပိမိသဖြင့် လူနေအိမ်တစ်လုံးပျက်စီးသွားကြောင်း သိရသည်။

ယင်းနေ့ ညနေ ၄ နာရီခွဲခန့်က သိမ်ဇရပ်ကျေးရွာ ဆိပ်ကမ်းသာရပ်ကွက် တောင်ကမ်းပါးယံတွင် ကပ်လျက်ဆောက်လုပ်ထားသော အလျား ၁၆ ပေ၊ အနံ ၁၂ ပေရှိသွပ်မိုး ထရံကာ ပျဉ်ခင်းနေအိမ်သည် မိုးများရွာသွန်းမှုကြောင့် မြေကြီးများပြိုကျကာ နေအိမ်ပေါ်ပိမိပျက်စီးခဲ့သည်။ အခင်းဖြစ်ပွားချိန်တွင် နေအိမ်၌ အိမ်ရှင် ဦးစိုးဝင်းနှင့်အတူ မိသားစုငါးဦးနေထိုင်လျက်ရှိပြီး တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့ပေ။ ဦးစိုးဝင်း၏ နေအိမ်သည် ၂၀၁၁ ခုနှစ်ကလည်း ယင်းနေရာ၌ပင် ဆောက်လုပ်ခဲ့ပြီး တောင်ကမ်းပါးယံမှ မြေကြီးများပြိုကျသဖြင့် ပျက်စီးခဲ့ပြီး ပြန်လည်ဆောက်လုပ်နေထိုင်ရာမှ ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နေအိမ်ပြိုကျရာသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးပါတီခရိုင်ကော်မတီဝင် ဦးချစ်အောင်တို့သွားရောက်၍ ကူညီမှုများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ရဲခေါင်ဦး)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောက်ဖော်ပြပါ တက္ကသိုလ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်	
၁	ရန်ကုန်စီးပွားရေးတက္ကသိုလ်	၁	ကျောင်းပတ်လည်အုတ်ခြံစည်းရိုးနှင့် ဂိတ်တံခါး(၈)ခု ပြုလုပ်ခြင်းလုပ်ငန်း
		၂	ပြင်ပလျှပ်စစ်လုပ်ငန်း(Over Head Line ကြိုးများမရှိသော နေရာများတွင် Over Head Line ကြိုးများသွယ်တန်းခြင်းနှင့် လုံခြုံရေးမီးများ တပ်ဆပ်ပေးခြင်း)
		၃	(၆)ခန်းတွဲဝန်ထမ်းအိမ်ရာ တစ်ထပ်အဆောက်အအုံ(၂)လုံး ဆောက်လုပ်ခြင်း ပေ(၁၂၀×၂၀)(ရေမီးအပါအဝင်)RC
		၄	(၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၂)ထပ်အဆောက်အအုံ(၂)လုံး ဆောက်လုပ်ခြင်း ပေ(၆၀×၃၀)(ရေမီးအပါအဝင်)RC
		၅	တက္ကသိုလ်ဝင်းအတွင်း ၈ လက်မထု ကွန်ကရစ်လမ်းခင်းခြင်း ပေ(၃၀၀၀×၁၄)
		၆	မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းပြုလုပ်ခြင်း(ပွဲကြည့်စင်မပါ)
၂	ဒဂုံတက္ကသိုလ်	၇	စာကြည့်တိုက်အဝင်အထွက် ကျောက်ချောကတ္တရာလမ်းပြုလုပ်ခြင်း ပေ(၁၃၉၆×၁၁)
		၈	ဘောလုံးကွင်းပွဲကြည့်စင်(၂)ထပ်၊ လှေကားထစ် ၁၅ထစ် ပေ(၁၅၀×၃၄)၁ခု ဆောက်လုပ်ခြင်း(RC)
		၉	ရေပန်းအဝိုင်းမှ ဂိတ်(၁)ဘက်သို့ (၃ပေ×၅ပေ×၉လက်မ)အရှည် ပေ(၅၂၄၀)နှင့် ရေပန်းအဝိုင်းမှ ဂိတ်(၂)ဘက်သို့ (၃ပေ×၅ပေ×၉လက်မ) အရှည် ပေ(၃၇၃၅) ရေမြောင်းပြုလုပ်ပေးခြင်း
		၁၀	ဒဂုံတက္ကသိုလ်စာသင်ဆောင် (၃၈၊ ၃၉၊ ၄၀)ရှေ့ သပြေလမ်းကို ကျောက်ချောကတ္တရာ လမ်းသားသစ်တင်ပေးခြင်း ပေ(၁၈၀၀×၁၄)
		၁၁	ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း[သိပ္ပံလမ်းနှင့် ဂိတ်(၃)ကြား]ကို ကျောက်ချောကတ္တရာ လမ်းသားအသစ်တင်ပေးခြင်း ပေ(၁၀၀၀×၁၆)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၉-၂၀၁၃ ရက်မှစတင်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တွင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များတွင် တင်သွင်းရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပါမောက္ခချုပ်ရုံးခန်း - ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)
ပါမောက္ခချုပ်ရုံးခန်း - ဒဂုံတက္ကသိုလ်

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ဖုန်းနံပါတ်-၀၁-၅၈၅၀၆၇၊ ၀၁-၅၈၅၀၇၃၊ ၀၁-၅၈၅၀၇၂နှင့် ဒဂုံတက္ကသိုလ် ဖုန်းနံပါတ်-၀၁-၅၈၅၀၁၀၊ ၀၁-၅၈၅၀၀၈ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့

မိခင်အမည်မှန်

ကျွန်တော် တပ်ကြပ်ဖော်မင်းနိုင်၏မိခင်အမည်မှန်မှာ ဒေါ်မာလာ(ခ)ဒေါ်မာရီမား မှတ်ပုံတင်အမှတ် (DGN-၀၁၀၀၀၃)မှာ တစ်ဦးတည်း ဖြစ်ပါသည်။

ပျောက်ဆုံး

ကျွန်မ မချောကေခိုင်[၁၂/မဂတ(နိုင်)၀၀၀၅၁၆]၏ ပတ်စ်ပို့(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၃၁၁၄၂၈၆

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆတ်သွားတောကျေးရွာနေ အဖ ဦးသိန်းမောင်၏သား မောင်သီဟမောင်မောင်[၁၄/မအန(နိုင်)၁၄၆၇၂၄]အား မောင်သီဟအောင်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

သံဖြူဇရပ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မသီတာထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး[၁၀/သဖရ(နိုင်)၁၂၆၆၀၆]ဖြစ်ပါကြောင်း။
ဦးအောင်စိုး

ကျေးဇူးဆပ်ပါမည်

ကျွန်မ လွန်ရှင်းကျိန်[၅/ကလထ(နိုင်)၁၅၆၀၈၅]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားသည် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၀၉-၂၅၀၁၄၇၇၅၁

ပျောက်ဆုံးကြောင်း

စောနိုင်[၁၄/ဘကလ(နိုင်)၁၅၀၅၁၁]အဖ ဦးကျော်ငြိမ်း၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်-မမှတ်မိသည်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၃၅၅၆၉

နေပြည်တော်ကောင်စီနယ်မြေတွင်
Mobile Complaint Centre ဖွင့်လှစ်ထားရှိခြင်း

နေပြည်တော်ကောင်စီနယ်မြေအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော မိုဘိုင်းတယ်လီဖုန်းများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံးတွင် ဖွင့်လှစ်ထားရှိသည့် Mobile Complaint Centre ဖုန်းအမှတ်-၀၆၇-၅၀၁၆၆၆၊ ၅၀၁၀၀၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်ကောင်စီနယ်မြေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
(တင်ဒါအမှတ်-၃)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ပေးသွင်းရမည့်နေရာ
၁။	မြစ်ကျောက်စရစ်	၂၂၈ ကျင်း	ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန်လမ်း
၂။	မြစ်သဲ	၆၀၇ ကျင်း	ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန်လမ်း

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၈-၉-၂၀၁၃ ရက်
တင်ဒါပုံစံပိတ်မည့်ရက် - ၂၆-၉-၂၀၁၃ ရက်၊ ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်ရက် - ၂၆-၉-၂၀၁၃ ရက်၊ ၁၃း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃ တွင် ၁၈-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အမေရိကန်အလှမယ်သရဖူကို ပထမဆုံးအကြိမ် ကပြားလူမျိုးအဖြစ် ဆွတ်ခူးခဲ့သည့် Nina Davuluri

၂၀၁၄ ခုနှစ်အတွက် အမေရိကန်အလှမယ်ပြိုင်ပွဲအခမ်းအနားကို ယင်းပြိုင်ပွဲနှင့် ခြောက်နှစ်ကြာ ကင်းကွာခဲ့ရသည့် Atlantic မြို့၌ ပထမဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁၅ ရက်က ပြန်လည်ကျင်းပခဲ့ရာ အမေရိကန်-အိန္ဒိယ ကပြားလူမျိုး ဖြစ်သူ Nina Davuluri က သရဖူကို ရရှိဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ် Nina Davuluri သည် နယူးယောက်အလှမယ်အဖြစ် အမေရိကန်အလှမယ်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ်အနေဖြင့် ကပြားလူမျိုးက အလှမယ်သရဖူကို ရရှိဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ဒုတိယဆုရှင်အဖြစ် ကယ်လီဖိုးနီးယားအလှမယ် ခရစ္စတယ်လီက လည်းကောင်း၊ တတိယဆုရှင်အဖြစ် အိုကလာဟိုးမားအလှမယ် ကယ်လ်စီဂရစ်ဝိုးက လည်းကောင်း၊ အွန်လိုင်းမှ မဲအများဆုံးဆုရှင်အဖြစ် Miss Kansas က လည်းကောင်း ရရှိခဲ့ကြသည်။

"ကျွန်မအနေနဲ့ ပထမဆုံးသော အိန္ဒိယလူမျိုး နယူးယောက်အလှမယ်(၂၀၁၃)ဖြစ်ခဲ့ပြီး ယခုတစ်ဖန် ပထမဆုံးအနေနဲ့ အိန္ဒိယကပြားလူမျိုး အမေရိကန်အလှမယ်ဖြစ်ရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်"ဟု Nina က ဆုလက်ခံရယူအပြီး ပြောကြားခဲ့သည်။

Nina Davuluri သည် အမေရိကန်အလှမယ်အဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ သိပ္ပံနှင့် နည်းပညာ၊ အင်ဂျင်နီယာဆိုင်ရာနှင့် သင်္ချာပညာရပ်ဆိုင်ရာများကို ပူးပေါင်းမြှင့်တင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း အမေရိကန်အလှမယ်ပြိုင်ပွဲကျင်းပရေးကော်မတီမှထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

မြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

အင်ဒိုနီးရှားတွင် စတင်ခဲ့သည့် Girls' Generation ၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ အောင်မြင်စွာပြီးစီး

တောင်ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ Girls' Generation ၏ Girls & Peace အမည်ရှိ ပထမဆုံးသော ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ Meta Elang အားကစားရုံ၌ စက်တင်ဘာ ၁၄ ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဆိုပါဂီတဖျော်ဖြေပွဲသို့ ပရိသတ်ပေါင်း ၁၂၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဂီတဖျော်ဖြေပွဲတွင် Girls' Generation အဖွဲ့၏ နာမည်ကျော်တေးသီချင်းပေါင်းများစွာဖြင့် ပရိသတ်အား သီဆိုကပြဖျော်ဖြေခဲ့ပြီး ယင်းကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၂ ရက်တွင် စင်ကာပူ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

ပေကျင်းတွင် Theme Park တည်ဆောက်လိုသည့် ဂျက်ကီချန်း

အက်ရှင်မင်းသား ဂျက်ကီချန်းက တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် JC World အမည်ရှိ Theme Park တစ်ခုကို ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းကာတည်ဆောက်သွားရန်ဆန္ဒရှိကြောင်းနှင့် ယင်းအတွက် ဝင်ကြေးကို အခမဲ့ပေးထားမည်ဖြစ်ပြီး လက်မှတ်ရောင်းရငွေများမှ ရရှိလာသည့် ရန်ပုံငွေကို ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း Groove Asia ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ Theme Park တွင် အဓိကအစိတ်အပိုင်းကြီး ငါးခုပါဝင်မည်ဖြစ်ပြီး တစ်ခုချင်းစီတွင် လာရောက်လည်ပတ်သည့် ဧည့်သည်များအား မတူညီသည့်ခံစားမှုများ ပေးစွမ်းနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်းနှင့် ယင်းအတွက် လိုအပ်သည့် ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကို ကမ္ဘာအနှံ့မှ ရွေးချယ်ဝယ်ယူသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော် တရားပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင် သယ်န်းကျွန်းမြို့နယ်၊ သမိုင်းဝင် ကျိုက္ကဆံဘုရားကြီး၏ ဓမ္မဗိမာန်တော်မြတ်၌ မွန်းလွဲ ၂ နာရီ ဆည်းဆာဓမ္မသဘင်နှင့် ကျောက်တန်းမြို့ ကမာကလုပ်စံပြကျေးရွာ ဓမ္မသဘင်၌ ည ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

မြိုင်မဟာစည်- ရန်ကုန် မြိုင်ရတနာဘောဇနသာလာ(၃)ထပ် ယောဂီဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်ရာ၌ ပါဝင်ကုသိုလ်ယူနိုင်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာအတွင်း၌ အလျားပေ(၇၀)×အနံ ပေ(၅၀)ရှိ မြိုင်ရတနာ ဘောဇနသာလာ(၃)ထပ် ယောဂီဆွမ်းစားကျောင်းတော်ကြီးကို နိုင်ငံတော်သံဃမဟာ နာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးမှ ပန္နက်တင် မင်္ဂလာပြုလုပ်ပေးပြီး ကျောင်းတော်ကြီးကို စတင်၍ဆောက်လုပ်နေပြီဖြစ်ရာ ရပ်ဝေးရပ်နီးရှိ အလှူရှင်များ၊ ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ ဖြစ်ကြရလေအောင် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့
မြိုင်မဟာစည်သာသနာ့ရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၀၄၇၇၆၁၊ ၀၉- ၈၆၂၅၂၂၃၊ ၀၉-၄၂၁၁၅၁၀၃၀

ဂျပန်အထည်ချုပ်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ Factory Manager (စက်ရုံမှူး) ကျား/မ (၁)ဦး

အထက်ပါရာထူးအတွက်

၁။ စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့်နည်းပညာပိုင်းတွင် ဦးဆောင်မှုပြုလုပ်နိုင်သူဖြစ်ရမည်။

၂။ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

၃။ ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

၂။ Cutting Supervisor (၁)ဦး

လျှောက်ထားလိုသူများသည် (၃)လအတွင်း ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့နှင့်အတူ ၂၇-၉-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် ၇၀၉ **B**၊ ၇လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။
ဖုန်း ၀၁-၅၅၈၄၄၃၊ ၀၉- ၇၃၀၁၉၃၂၃၊ ၀၉-၄၅၀၀၄၉၂၅၂

အထူးကျေးဇူးတင်ရှိခြင်း

၂၀၁၃ခုနှစ် စက်တင်ဘာလ(၁၇)ရက်နေ့ Summit Parkview Hotel တွင် ပြုလုပ်သည့် "AEC" "အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် မြန်မာ့ရုပ်ရှင်ကဏ္ဍ" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးအားလည်းကောင်း၊ နှုတ်ခွန်းဆက်စကားပြောကြားပေးသော Hanns Seidel Foundation မှ Mr. Achim Munz အားလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားအား စီစဉ်ဆောင်ရွက်ပေးပါသော ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုနှင့် ဆွေးနွေးပြောကြားပေးပါသော ပညာရှင်ကြီးများအားလည်းကောင်း၊ အခမ်းအနားအတွက် ကူညီပံ့ပိုးပေးသည့် ရွှေတောင်ကုမ္ပဏီအုပ်စုအဖွဲ့ဝင် Junction Cineplex အားလည်းကောင်း၊ အခမ်းအနားသို့တက်ရောက်ပေးကြသော ရုပ်ရှင်စီးပွားရေးလုပ်ငန်းရှင်များ၊ သရုပ်ဆောင်များ၊ အတတ်ပညာရှင်များအားလည်းကောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ဘုရင့်နောင်လမ်းပေါ်ရှိ
မြေညီခန်းရောင်းမည်။ ငှားမည်
ဖုန်း-၀၉-၄၂၂၄၅၃၇၃၂၊
၀၉-၄၂၁၁၃၆၆၈၄

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သဲကုန်းမြို့နယ်၊ အင်းမအထက၊ ဒသမတန်းမှ မပြည့်ပိုသြ၏ ဖခင်အမည်မှန်မှာ ဦးဝင်းငွေ ဖြစ်ပါကြောင်း။

ဦးဝင်းငွေ[၇/သကန(နိုင်)၀၅၁၇၇၀]







လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲစတုတ္ထပွဲစဉ် ပထမနေ့(၁၈)ကျင်းပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Junior Golf Myanmar ကကြီးမှူး၍ 4th Junior Golf Myanmar Tournament 2013 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်၏ ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်နံနက် ၇ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားအမျိုးသမီး အသက်(၂၄)နှစ်အောက်၊အသက်(၁၈)နှစ်အောက်၊အသက် (၁၄)နှစ်အောက်၊အသက် (၁၀)နှစ်အောက် အတန်းများတွင် လူငယ်ဂေါက်သီးရိုက်အားကစားသမားစုစုပေါင်း ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

Junior Golf Myanmar (JGM) အနေဖြင့် မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်အသင်းတွင် အခြေခံကောင်းပြီး လက်စွမ်းလက်စရှိသော မျိုးဆက်သစ်လူငယ်ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာရေးအတွက် လစဉ်ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် လူငယ်ဂေါက်သီးရိုက်အားကစားသမားများ စိတ်ဓာတ် တက်တက်ကြွကြွနှင့် စိတ်ချမ်းမြေ့စွာယှဉ်ပြိုင်နိုင်ရေးအတွက် Elite Tech Group of Companies,Kandawgyi Palace Hotel, Aureum Palace Hotel, Air Bagan Ltd. Asia Wings Airways ,Myanmar Solar Power (MSP),Double Eagle GOLF Co., Ltd.,Han Golf Masters Pte.,Ltd.,KM Golf Center,Sam Par Oo Purified Drinking Water, Premier Coffee , Kyone Sein Co.,Ltd.,100 Plus , Pun Hlaing Golf Club တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို စက်တင်ဘာ ၁၈ ရက်နံနက် ၇ နာရီတွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပပြီး ဆုများကိုပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

အသင်းတွင် ပါဝင်ကစားရန် ငြင်းဆိုခဲ့ခြင်းကြောင့် ပရိသတ်များကို ကာဘာရီတောင်းပန်ခဲ့ရ

နယူးကာဆယ်ကွင်းလယ်ကစားသမား ယိုဟန်ကာဘာရီသည် ပြီးခဲ့သည့်လက နယူးကာဆယ်အသင်းတွင် ပါဝင်ကစားရန် ငြင်းဆန်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းပရိသတ်များကို တောင်းပန်ခဲ့ရကြောင်း သိရသည်။

အသက်(၂၇)နှစ်အရွယ် ကွင်းလယ်ကစားသမား ကာဘာရီအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းက ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀ ဖြင့် ကမ်းလှမ်းလာမှုကို နယူးကာဆယ်အသင်းက ပယ်ဖျက်ခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းနှင့် ဂိုးမရှိသရေဖြင့် ပြီးဆုံးခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ပြင်သစ်ကြယ်ပွင့် ကာဘာရီသည် လက်ရှိတွင်မူ နယူးကာဆယ်အသင်း၌ရှိနေပြီး အက်စ်တွန်ဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် နယူးကာဆယ်အသင်းနှင့်အတူ ပါဝင်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာဘာရီသည် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားရန် ငြင်းဆန်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက မန်စီးတီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်အဖွင့်ပွဲစဉ် အပါအဝင် မော်ကမ်ဘီအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင်လည်း လွဲချော်ခဲ့ရကြောင်းသိရသည်။

ငွေကြယ်

တံကောက်ကြောဒဏ်ရာရရှိခဲ့သည့်ပီနားယား သီတင်းလေးပတ်အနားယူရမည်

အဲဗာတန်ကွင်းလယ်ကစားသမား ပီနားယားသည် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းကြောင့် အဲဗာတန်အသင်းတွင် ပွဲထွက်ကစားနိုင်မည်မဟုတ်ဘဲ သီတင်းလေးပတ်ကြာအနားယူရမည်ဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကကြယ်ပွင့် ပီနားယားသည် အဲဗာတန်အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြဿနာကြုံခဲ့ရပြီးနောက် ချယ်လ်ဆီးအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်နှင့်လည်း လွဲချော်ခဲ့ရသည်။

လက်ရှိတွင် အဲဗာတန်အသင်းသည် လေးပွဲဆက်တိုက် ရှုံးပွဲမရှိသေးသော်လည်း ကွင်းလယ်ကစားသမား ပီနားယား အသင်းတွင် အမြန်ဆုံးပါဝင်ကစားနိုင်ရန် မျှော်လင့်ထားသည်။သို့ရာတွင် ဝက်စ်ဟမ်း၊ နယူးကာဆယ်နှင့် ဖူလ်ဟမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲနှင့် လွဲချော်မည်ဖြစ်သော်လည်း အောက်တိုဘာ ၅ ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်တွင်မူ ပါဝင်လာနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ယခုရာသီတွင် ဖလားနှစ်လုံး သို့မဟုတ် သုံးလုံးရရှိရန် မျှော်မှန်း စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဗန်ပါစီဆန္ဒရှိနေ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်း၏ အားထားရသော နယ်သာလန်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် ယခုနှစ်ဘောလုံးရာသီတွင် ပရီမီယာလိဂ်ဖလား အပါအဝင် နောက်ထပ်ဖလားတစ်လုံးသို့မဟုတ်နှစ်လုံး ရယူပေးရန် မျှော်မှန်းထားသည့်အပြင် မန်ယူအသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။



တိုက်စစ်မှူး ဗန်ပါစီ၏ လက်ရှိမန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည် သုံးနှစ်ကျန်ရှိနေသေးသော်လည်း မန်ယူအသင်းတွက် ဆက်လက်ကစားရန် ဆန္ဒရှိနေခြင်းကြောင့် အိုးထရက်ဖို့ဒ်နှင့် စာချုပ်သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ၂၀၀၅ ခုနှစ်က အက်ဖ်အေဖလားရရှိခဲ့ပြီးနောက် ဖလားလက်မဲ့ဖြစ်နေခဲ့ရသည်။ ထို့ကြောင့် နယ်သာလန်ကြယ်ပွင့် ဗန်ပါစီအနေဖြင့် ပရီမီယာလိဂ်ပြိုင်ဘက်မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် ယခုနှစ်တွင် လက်ရှိချန်ပီယံဘွဲ့ကို ဆက်ထိန်းကာ နောက်ထပ် အောင်မြင်မှုများ ရယူသွားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။

NEW MOTION Travels & Tours
Escape From Everyday Life
Oct - 19
Nov - 23
Dec - 13
Oct-20
Oct-19
Oct-19
Oct-18
Sep-28, Oct-18
Dec-21
Oct-18
Oct-18
Oct-20
Nov-20
Oct-19,24
ရန်ကုန် 508124, 527254, 523253, 09 73148933-44-55-66
Hotel Mandalay 09 5034185, 09 91021122, 09 43147879

ဖြူးဆရာတော်တပည့်ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A, Ph.D (Thesis) အရှင်သူမြတ်သည် ၁၉-၉-၂၀၁၃ရက် (ကြာသပတေးနေ့)(တော်သလင်းလပြည့်ဥပုဒ်နေ့) နေ့လယ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ စမ်းမြသီတာမဟာစည် သာသနာ့ရိပ်သာ၌လည်းကောင်း၊ (တော်သလင်းလပြည့်ကျော် ၈ရက်) ၂၇-၉-၂၀၁၃ရက်(သောကြာနေ့)နေ့လယ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကျိုက္ကစံစေတီတော်ဘုရား ဓမ္မာရုံ၌လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉- ၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉ -၅၀၁၇၅၅၄၊ (၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃)၊ (၀၅၄-၄၀ ၇၇၁၊ ၀၅၄-၄၀၀၁၂)သို့ ဆက်သွယ်နိုင်ပါသည်။

GOLDEN SPIDER
09-73130346/ 423720047/ 73218579

ပျောက်ဆုံး

ကျွန်မ မနှင်းသူ၏ နိုင်ငံကူးစာအုပ်နံပါတ် (No-910134)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၀၂၀၁၀၀၊၀၉-၄၀၂၅၉၇၅၉၉

အမည်ပြောင်း

အဖ ဦးကစ္စနား(ခ)ဦးလှမောင်၏သမီး အထက(၂)သန်လျင် တက္ကသိုလ်ဝင်တန်း(A)မှ မဇွန်စုဝေအား မဇွန်ဆုဝေဟု ပြောင်းလဲခေါ်ပါရန်။
မဇွန်ဆုဝေ

7DAY NEWS JOURNAL

ရာသီဥတုကြောင့် ကွန်ကရစ်တံတားတိုင်တစ်တိုင်ကျိုး

နေပြည်တော် စက်တင်ဘာ ၁၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့အထွက် မိုင်တိုင်အမှတ် (၆၇/၃-၄) ကြားရှိ တံတားအမှတ် (၄/၆၈) အရှည် ၇၅ ပေ၊ အကျယ် ၂၄ပေရှိ ခင်နိမ်းမူ ကွန်ကရစ်တံတားသည် ရာသီဥတုဒဏ်ကြောင့် ရေလယ်တိုင်လေးတိုင်အနက် တစ်တိုင်မှာ စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ကျိုးကျသွားခဲ့သည်။ **(ယာပုံ)**

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တံတားအဆင်းတွင် ကုန်တင်ယာဉ်ကြီးများအား တံတားနှင့် တစ်မိုင်ခန့်အကွာ ရန်ကုတ်ကျေးရွာတွင်လည်းကောင်း၊ အတက် ကုန်တင်ယာဉ်များအား တံတားစစ်ဆေးရေးဂိတ်နှင့် နယ်မြေခံတပ်ဝင်းအတွင်းတွင်လည်းကောင်း ခေတ္တရပ်နားထားစေပြီး ယာဉ်ငယ်များအား တစ်စီးချင်း ဖြတ်သန်းမောင်းနှင်စေလျက်ရှိကြောင်း၊ ယာဉ်သွားလာမှုနှင့် လမ်းရှင်းလင်းရေးအား ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများက တံတားအား ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

အရှိန်မထိန်းနိုင်၍ လမ်းဘေးကျပြီး ဓာတ်တိုင်ဝင်တိုက်

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော် ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၀၀/၃-၄) ကြားတွင် ရန်ကုန်မှ နေပြည်တော်သို့ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ အောင်မျိုး(၃၆)နှစ် မောင်းနှင်လာသည့် ၂၈/. . . . ဖန်မလီယာဗင် အဖြူရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက် မြေသားလမ်းပေါ်ထိုးကျခဲ့ပြီး လမ်းနှင့် ၃၅ ပေအကွာရှိ ကွန်ကရစ်ဓာတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့ရာ ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဇနီးဖြစ်သူ မစန္ဒာအေး(၃၀)နှစ်တွင် ဒဏ်ရာများ ရရှိသွားကြောင်း သိရသည်။

ယာဉ်တစ်စီး ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်

နေပြည်တော် စက်တင်ဘာ ၁၇

လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင် အမှတ်(၁၃/၂-၃) ကြား၌ စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မှ နေပြည်တော်သို့ ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၆) ရပ်ကွက်နေ ကျော်ဦး (၃၀) နှစ် မောင်းနှင်သည့် ၃ဃ/--- ပါဂျဲရိုးခဲရောင်ယာဉ်မှာ ဝါယာရှော့ခ်ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် အင်ဂျင်ပိုင်းတစ်ခုလုံး မီးလောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေကျပ် ၇၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့သဖြင့် ကျော်ဦးအား အမှတ် (၃) လမ်းဆုံ အမြန်လမ်းမ ရဲစခန်းက (ပ) ၁၅/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မိုးကောင်းမြို့၌ တရားမဝင် ကျောက်စိမ်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၇

ကချင်ပြည်နယ် မိုးကောင်းမြို့ (၈) မိုင်လမ်းဆုံတွင် စက်တင်ဘာ ၁၅ရက် နံနက် ၇ နာရီခန့်က မိုးကောင်းမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မန္တလေးမြို့ ချမ်းမြသာစည်ရပ်ကွက် အနောက်မြို့သစ်နေ စိုးနိုင်(ခ) မြတ်မင်း(၃၈)နှစ် ဖားကန့်မှမန္တလေးသို့ မောင်းနှင်လာသည့်ခ/----ယူဒီ ၆ ဘီးယာဉ်နှင့် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ရွာနေ ခိုင်ဆွေ(ခ)မောင်ခိုင်(၂၂)နှစ်နှင့် မန္တလေးမြို့ ချမ်းမြသာစည်ရပ်ကွက် အနောက်မြို့သစ်နေ ခင်မောင်တင့်(၅၆)နှစ်တို့မောင်းနှင်လာသည့် ၈၂/---ဟီးနိုး ခြောက်ဘီးယာဉ် နှစ်စီးအား ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ၈၂/----ယာဉ်အတွင်းမှ ကျောက်စိမ်းဟုယူဆရသော ဆိုဒ်စုံဖြတ်စ/အလုံးများထည့်ထားသည့် ပီနံအိတ် ၁၈၈အိတ်၊ အလေးချိန် ၄၈၇၁ ပိဿာခန့်၊ ကျောက်အလုံး ၂၉လုံး၊ အလေးချိန် ၆၅၈ ပိဿာခန့်နှင့် ဖြတ်စအခြမ်း ၂၆ ခြမ်း၊ အလေးချိန် ၈၄၂ ပိဿာခန့် စုစုပေါင်းအလေးချိန် ၆၃၇၁ ပိဿာခန့်အား သိမ်းဆည်းရမိသဖြင့် ခင်မောင်တင့်အား မိုးကောင်းမြို့မရဲစခန်းက(ပ)၆၅/၂၀၁၃၊ ကျောက်မျက်ဥပဒေပုဒ်မ ၄၂(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်းနှင့် ယာဉ်အမှတ်ခ/----အား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သက်သေခံယာဉ်၏ ဂီယာဘောက်အတွင်းမှ စိတ်ကြွဆေးပြား ၇၈၄၀၀ ထပ်မံရှာဖွေတွေ့ရှိ

တောင်ကြီး စက်တင်ဘာ ၁၇

စက်တင်ဘာ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "ဆီဆိုင်မြို့နယ်တွင် ဗုံးသီး၊ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ" သတင်း၏ နောက်ဆက်တွဲသတင်းအရ အမှုမှတရားခံများဖြစ်သည့် အားတီ (ခ) သက်မြင့်ထွန်းနှင့် အစိုင်း (ခ) စိုင်းစိုင်းတို့အား သက်သေခံယာဉ်အမှတ် ၄ဂ/. . . (4×4WD)တစ်ခန်းခွဲခဲရောင်နှင့်အတူ တောင်ကြီးမြို့ နယ်မြေရဲစခန်းသို့ ပြောင်းရွှေ့ပို့ဆောင်ပြီး အဆိုပါသက်သေခံယာဉ်အား သက်သေများရှေ့တွင် အသေးစိတ်ထပ်မံရှာဖွေရာ ကား၏ရှေ့/နောက်တံခါးနှစ်ခုကြား ဝဲ/ယာနံရံအတွင်းမှ ၃၅၇ ဂဏန်းပါ ဆီစိမ်စက္ကူဖြင့်ပတ်လျက်ထုပ်ပိုးထားသော အထုပ်ခုနစ်ထုပ်၊ ဂီယာဘောက်အတွင်းမှ အဝါရောင်တိပ်ဖြင့်ပတ်လျက် အထုပ်တစ်ထုပ် စုစုပေါင်း ရှစ်ထုပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၂ သိန်း)အား ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

ပြည်မြို့ နဝင်းရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေ ဝင်ရောက်

ပြည် စက်တင်ဘာ ၁၇

ယခုရက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ဧရာဝတီမြစ်ရေမြင့်တက်လာမှုတို့ကြောင့် စက်တင်ဘာ ၁၅ ရက်က ပြည်မြို့ နဝင်းရပ်ကွက် သကြားစက်လမ်း-မာလာကုန်းနှင့် ဘောဂနယ်မြေရှိ လမ်းမပေါ်နှင့် လူနေရပ်ကွက်အတွင်း မြစ်ရေများ လျှံတက်ကာ တစ်ပေခန့် ဝင်ရောက်လာသည်ကို တွေ့ရသည်။

အဆိုပါနေရာများသည် ဧရာဝတီမြစ်အတွင်းစီးဝင်သည့် နဝင်းချောင်းကမ်းပါးဘေးတွင်တည်ရှိသည့် မြေနိမ့်ပိုင်းများတွင် မိုးတွင်းကာလ၌ နှစ်စဉ်မြစ်ရေများ မြင့်တက်ဝင်ရောက်ခြင်းခံရသော နေရာဖြစ်ကြောင်းနှင့် နောက်သုံးရက်ခန့်အထိ ရေကျခြင်းမရှိဘဲ ဆက်လက်မြင့်တက်လာပါက ယင်းဒေသ၏ စိုးရိမ်ရေမှတ်ကျော်လွန်ပြီး ရပ်ကွက်အတွင်းသို့ မြစ်ရေသုံးပေခန့် မြင့်တက်လာနိုင်ကြောင်း အတွေ့အကြုံရှိဒေသခံများမှ တစ်ဆင့် သိရသည်။

လက်ရှိအခြေအနေတွင် နှစ်စဉ်ရေတက်နေကျဖြစ်သည့် အတွေ့အကြုံအရ ရပ်ကွက်နေပြည်သူများ၏ ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကြောင့် မြစ်ရေကြီးခြင်းကြောင့် လူနှင့်ပစ္စည်း၊ တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ရွှေလမ်းခင်း ... (19/ 20-9-2013) ... 371317,095124678,098627170

GOLDEN STAR Travels & Tours
Sep-20 | Oct-18
Ph: 209200, 430480, 544383, 703440, 09-5046000

Sept: 20
Oct: 18
Oct: 18

RUBY 519100
09-51-77212, 535100

380164
09 5017068
09 8626524

UNIQUE STAR TRAVELS & TOURS
ဥရောပ(9)နိုင်ငံ + အင်္ဂလန် (16)Days Oct: 18 / Nov:15 / Dec:21 (4,800,000)
အမေရိကား (20)Days Nov: 15 / Dec:21 (7,000,000) | ဩစတြေးလျ (10)Days Nov: 16 / Dec:22 (4,000,000)
ဂျပန် (9)Days Oct: 19 / Nov:16 (2,600,000) | ကိုရီးယား (9)Days Oct: 18 / Nov:15 (1,900,000)
ဝီကင်း (9)Days Oct: 18 / Nov:15 (1,400,000) | ဟောင်ကောင် (8)Days Oct: 19 / Nov:16 (1,500,000)
စင်္ကာပူ+မလေးရှား (7)Days Oct: 18 (1,100,000) | ဗန်ကောက်၊ ပတ္တရား (6)Days Every Sat: (250,000)
No.(05), Ground Floor, Asia Plaza. Ph: 708 353, 705 723, 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166
No.(70/A), Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

အတားအဆီးအပိတ်အဆို့များကိုဖယ်ရှားပြီး လွယ်ကူညင်သာချောမွေ့သောခံစားမှုဆီသို့

အထက်ပါစာသား၏အဓိပ္ပာယ်ကို ဖြေဆိုရသော ပဟေဠိပြိုင်ပွဲတွင် ဆုအဖြစ်ရရှိသည့် -------ဝမ်းမှန်အကြောပြေဆေး တစ်ခါသုံးဆေးထုပ်တစ်သိန်းကို အထည်ချုပ်စက်ရုံများသို့ ပေးလှူလိုပါသောကြောင့် ဝန်ထမ်းများအား ဝေငှပေးလှူနိုင်သော တာဝန်ရှိသူများ ဆက်သွယ်နိုင်ပါသည်။

ဗိုလ်မှူးမြင့်သိဏ်း(ငြိမ်း)ညွှန်မှူး(သ/မဝန်ကြီးဌာန)
(ဆုရသူများကိုယ်စား) ဖုန်း-၀၉-၅၁၃၆၆၃၄

သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

မောင်လွင်မျိုး[၁၂/သကတ(နိုင်) ၁၇၄၃၄၆] သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လက်မခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးကျော်ဝင်း[၁၂/သကတ(နိုင်)၀၉၃၅၈၄]
ဒေါ်မြင့်မြင့်ရီ[၁၂/သကတ(နိုင်)၀၄၆၀၈၀]

အမြန်ပြန်လာပါ

သားမောင်စည်သူလွင်[၉/ပမန(နိုင်)၂၃၁၄၁]အမြန်ပြန်လာပါ။ မိဘစိတ်ပူနေသည်။ ဦးဌေးလွင်-ဒေါ်အေးအေးမွန် ဖုန်း- ၀၉-၄၉၂၁၉၉၁၄၊ ၀၉-၃၁၂၅၆၀၀၆

အထက်မြန်မာပြည်သတင်း

တတိယအကြိမ် သောတာပန် ဆီအလှူတော် မုံရွာမြို့၌ကျင်းပ

မုံရွာ စက်တင်ဘာ ၁၇

ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒ၏ သောတာပန်ဆီအလှူတော်ကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မုံရွာမြို့ နန္ဒဝန်ရပ်ကွက် မဟာသုဗောဓာရုံကျောင်းတိုက်၌ တတိယအကြိမ်မြောက်အဖြစ်ကျင်းပခဲ့ပြီး မုံရွာမြို့၌ သံဃာတော်များနှင့် သီလရှင်များသို့ ဆီ၊ ဆားနှင့်ဆေးမျိုးစုံတို့ကို လှူဒါန်းခြင်းဖြစ်ကြောင်းသိရသည်။ မုံရွာမြို့ပေါ်ရှိ ကျောက်တိုက်ပေါင်း ၁၉၃ တိုက်မှ သံဃာအပါး ၆၅၂၀ နှင့် သီလရှင်ကျောင်း ၃၅ ကျောင်းမှ သီလရှင် ၁၀၂၃ ပါး စုစုပေါင်း သံဃာနှင့်သီလရှင်ကျောင်းပေါင်း ၂၂၈ ကျောင်းမှ သံဃာနှင့် သီလရှင် ၇၅၄၃ ပါးတို့အတွက် ဆီ ၄၅၁၂ ပိဿာ၊ ဆား ၁၂၆၇ ပိဿာနှင့် ဒေဝရောင်ခြည်လျက်ဆားလုံးများကို ကျောင်းတိုက်အသီးသီးရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ကပ်လှူခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ပေးစေလို

အင်းတော် စက်တင်ဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မံပဲကျေးရွာအုပ်စု နန့်စီးအောင်(ပေကုန်း)ကျေးရွာအတွင်း ၂၄ နာရီ လျှပ်စစ်မီးတိုင်များတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ ရောထွေးနေသဖြင့် လျှပ်စစ်အန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ နန့်စီးအောင်ကျေးရွာ ၂၄ နာရီမီးလင်းရေးတွင် အဆိုပါကျေးရွာအတွင်းရှိ လျှပ်စစ်မီးတိုင်များ၏ သွယ်တန်းထားသည့် လျှပ်စစ်ကြိုးများနှင့်အတူ ဒေသတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လျှပ်စစ်မီးကြိုးများသည် နေရာအနှံ့အပြားတွင် တစ်ပေါင်းတည်း သွယ်တန်းမှုများရှိနေခြင်းကြောင့် ကိုယ်ပိုင်လုပ်ငန်းရှင်များက နေ့စဉ်ဖြတ်တောက်ခြင်း၊ သွယ်တန်းခြင်းများ ပြုလုပ်နေခြင်း၊ နိုင်ငံတော်ပိုင် ၂၄ နာရီမီးလင်းရေးကြိုးများသည် မိုးရာသီတွင် မကြာခဏပြတ်တောက်မှုများ ရှိတတ်သောကြောင့် ပြုပြင်ရာတွင် ကြိုးများရှုပ်ထွေးမှုရှိနေခြင်းတို့က လျှပ်စစ်အန္တရာယ်များ၊ ပြင်ပလုပ်ငန်းရှင်များနှင့် မကြာခဏအငြင်းပွားရမှုများ ဖြစ်ပေါ်စေနိုင်သောကြောင့် အဆိုပါပြင်ပလုပ်ငန်းရှင်တို့၏ လျှပ်စစ်မီးသွယ်တန်းလျက်ရှိသော ကြိုးများကို ဖယ်ရှားရှင်းလင်းစေလိုကြောင်း ဒေသခံ ၂၄နာရီမီးလင်းရေး အကျိုးဆောင်များထံမှ ကြားသိရသည်။

(နီတိုး)

ရှင်မတောင်သနပ်ခါး စိုက်ပျိုးရောင်းဝယ်မှု နိုင်ငံတော်မှ အားပေးကူညီစေလို

ပခုက္ကူ စက်တင်ဘာ ၁၇

ပခုက္ကူအညာဒေသ ရှင်မတောင်နယ်မြေသည် မိုးနည်းရပ်ဝန်း ဖြစ်သောကြောင့် ဒေသခံပြည်သူများသည် ရာသီဥတုနှင့်ကိုက်ညီသော သနပ်ခါးစိုက်ပျိုးရေးကို ပိုမိုစိုက်ပျိုးလုပ်ကိုင်လာကြသည်။

"သနပ်ခါးက မိုးမလိုဘူး၊ ရေမလိုဘူး စိုက်ပျိုးလို့မရတဲ့ ကျောက်စရစ်မြေမှာတောင် ဖြစ်ထွန်းအောင်မြင်တော့ လူတိုင်းနီးပါး သနပ်ခါးကိုစိုက်ပျိုးလာကြပါတယ်၊ သနပ်ခါးက ဈေးကောင်းလည်းရတော့ ပိုက်ဆံရှိတဲ့မြို့ပြလူတွေကလည်း မြေတွေဝယ်ပြီး သနပ်ခါးကိုစီးပွားဖြစ်စိုက်ပျိုးလာကြပါတယ်"ဟု ရှင်မတောင်တောင်ခြေရင်း လက်ဆယ်ကန် ရွာသားတစ်ဦးကပြောသည်။

ပခုက္ကူရှင်မတောင်သနပ်ခါးသည် ပြည်တွင်းသာမက ပြည်ပအထိပါ ကျော်ကြားပျံ့နှံ့ဝယ်ယူမှုအားကောင်းလာကြောင်း သိရသည်။ သနပ်ခါးဈေးကောင်းရလာသောကြောင့် သနပ်ခါးစိုက်သူ ရောင်းဝယ်သူများပြားလာသည်။ ပခုက္ကူမြို့တွင် သနပ်ခါးဈေးကွက်ကြီးဖြစ်သော ဦးမေဃကျောင်းဝိုင်းအပြင် မြို့မဈေးအနီးတွင်လည်း သနပ်ခါးသည် များပြားစွာရှိလာကြောင်း သိရသည်။ "ရောဝတီတံတားကြီးကြောင့် ဘုရားဖူးတဲ့သူတွေ၊ ပြည်ပဧည့်သည်တွေနဲ့ဆိုတော့ ပခုက္ကူမြို့တွင် သနပ်ခါးသည် ၅၀၀ ခန့်တော့ရှိမယ်၊ မြိုင်-ရေစကြိုပေါင်းရင် သနပ်ခါးရောင်းဝယ်သူ ၁၀၀၀ ကျော်ရှိနိုင်တယ်"ဟု သီဟိုဠ်ရှင်ဘုရားဈေးသည် ဦးဝင်းအောင်ကပြောသည်။ သနပ်ခါးစိုက်ပျိုးမှု အားကောင်းလာသောကြောင့် သနပ်ခါးပျိုးပင်ရောင်းဝယ်သူများလည်း များပြားလာကြောင်း သိရသည်။

ရှင်မတောင်နှင့် လေးမိုင်ခန့်ဝေးသော ဒေါင်ဒိုကြီးရွာတွင် သနပ်ခါးပင်ပေါင်း ၅၀၀၀၀ ခန့်စိုက်ပျိုးထားကြောင်း သိရသည်။ ရှင်မတောင်ခြေအနီး တစ်ဝိုက်ရှိ ရွာပေါင်း ၁၀၀ ခန့်က သနပ်ခါးကိုစိုက်ပျိုးကြရာ သနပ်ခါးပင်ပေါင်း သိန်းသုံးလေးဆယ်အထိရှိနိုင်သည်ဟု ဒေသခံတို့က ခန့်မှန်းပြောဆိုကြသည်။ သနပ်ခါးအစိုက်အများဆုံးဒေသမှာ ရေစကြိုနှင့် မြိုင်နယ်က အများဆုံးဖြစ်သည်။ ထိုနယ်နှစ်နယ် သနပ်ခါးစိုက်ပျိုးအားသည် သိန်း ၁၀၀ ကျော်ခန့်ရှိသည်။ "မိုးမျှော်ပြီး စိုက်ပျိုးရတဲ့သီးနှံအစား မိုးမမျှော်ရတဲ့သနပ်ခါးကို ရွာတိုင်းနီးပါး စီးပွားဖြစ်စိုက်ပျိုးလာကြတယ်၊ ကျေးလက်ပြည်သူတွေကို စာနာတဲ့အနေနဲ့ သစ်တောထွက်လည်းမဟုတ်တော့တဲ့အပြင် စိုက်ပျိုးပြီးမှ ရရှိလာတဲ့ သနပ်ခါးကို ဖမ်းဆီးပိတ်ပင်မှုတွေမပြုလုပ်သင့်တော့ပါဘူး၊ လွတ်လွတ်လပ်လပ်ရောင်းဝယ်မှုကို အားပေးကူညီသင့်ပါတယ်၊ ဒါမှလည်း ကျေးလက်ပြည်သူတွေရဲ့ ဘဝမြင့်မားတိုးတက်လာမှာပါ"ဟု ပခုက္ကူမြို့သား သနပ်ခါးရောင်းဝယ်သူတစ်ဦးက သူ့အမြင်ကိုပြောကြားသည်။

နေဦးမောင်(ပခုက္ကူ)

ပန်းစာပွဲစားများနှင့် အဝေးပြေးယာဉ်ကြီးများဒုက္ခ

မူဆယ် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်နှင့် ရန်ကုန်၊ မန္တလေးတို့မှအခြေခံစားသုံးကုန်များ၊ လူသုံးကုန်ပစ္စည်းများ အစရှိသော ကုန်စည်အမျိုးမျိုး သယ်ဆောင်လာသော အဝေးပြေးယာဉ်ကြီးများသည် မူဆယ်သို့ရောက်သောအခါ ပစ္စည်းတန်ဆာခ (ကားခ) ထုတ်ယူရာတွင် အခက်အခဲရှိပြီး ကြန့်ကြာမှုရှိနေကြောင်း သက်ဆိုင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ အများစုဟာ မူဆယ်ရောက်ရင် ကုန်တင်ခကို ကုန်သည်တွေဆီက အများအားတိုက်ရိုက်ထုတ်ယူခွင့်မရဘဲ ပွဲစားတွေနဲ့ ချိတ်ဆက်ရပါတယ်။ ကျွန်တော်တို့တင်လာတဲ့ သယ်ယူခတန်ဖိုး ပြေစာကိုယူပြီး သူတို့က ကျပ်ငါးထောင်မှ ကျပ်တစ်သောင်းအထိ ဈေးနှိမ်ပြီး ပေးချေပါတယ်။ အဲဒါကို ပန်းစာအရောင်းအဝယ်လို့ခေါ်တဲ့ဝေါဟာရနဲ့ တွင်ကျယ်လာတာပါ။ အလျင်လိုလို့ လွှဲပြောင်းထုတ်ယူခွင့်ပြုလိုက်တာက တစ်မျိုးပေါ့။ အခုဟာက ဒီအလုပ်ကို တမင်ဖန်တီးသလိုကြီးနဲ့ အကျိုးရှိအောင်လုပ်နေတာတော့ မကောင်းပါဘူး။ ကျွန်တော်တို့ဘက်မှာလည်း အခါက်ရေများလာတော့ နစ်နာသလို သူတို့အတွက် တစ်နေ့ ကားအစီးရေ တစ်ရာ၊ နှစ်ရာဆိုတော့ မက်လောက်စရာဖြစ်နေရော၊ တချို့ကုန်သည်တွေ ကိုယ်တိုင်က မိမိနဲ့ပတ်သက်တဲ့လူတွေကို ငွေထုတ်ပေးပြီး ပန်းစာပွဲစားအဖြစ်နဲ့ ကားခသက်သာအောင် ဖန်တီးနေတာ တွေ့နေရပါတယ်" ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောပြသည်။

ထို့အပြင် ကုန်တင်ယာဉ်ကြီးများမှာ ကုန်ချမည့်နေရာ အခက်အခဲများကြောင့် ကားများကို ရွှေ့လျားဂိုဒေါင်သဖွယ် အသုံးချခံနေရခြင်း၊ ရက်ကြာပြီး စရိတ်တောင်းခြင်းများ ရှိနေသဖြင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်သွယ်မှုပြုရာတွင် ခက်ခဲကြန့်ကြာမှု အတားအဆီးများ မရှိစေရေးကို အများစုက မျှော်လင့်နေကြသည်။

"ပန်းစာအရောင်းအဝယ်ရှိတော့ ကားခ စောင့်မနေတော့ဘူးဗျာ။ ဒါလည်း တစ်နည်းအားဖြင့် ကျွန်တော်တို့ ကုန်ချပြီး နောက်ထပ်စရိတ် မကုန်တော့ဘူး။ ဘာပဲဖြစ်ဖြစ် ချက်ချင်းငွေရရင်တော့ ဒါတွေ ပပျောက်သွားမှာပါ" ဟုယာဉ်မောင်းတစ်ဦးကလည်း သူ၏ထင်မြင်ချက်ကို ပြောပြသည်။

သိန်းဇော်(ရွှေလီဦး)

စီးပွားရေးကြော်ငြာ

ရောင်းမည်။

လှိုင်သာယာ၊ စက်မှုဇုန် (1)၊ 2 ဧက၊ ဂိုဒေါင်(2) (72' x 140' + 40' x 120')၊ 215 KVAပါ။

09 861 8181
09 421 755 481, 09 421 755 482

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်
(ဝန်ထမ်းအလိုရှိသည်)

(၁) Medical Officer (ကျား/မ) (၃) ဦး
M.B.,B.S ဘွဲ့ ရရှိပြီး ဆမလက်မှတ်ရှိသူ၊ (ဆမမိတ္တူပူးတွဲတင်ပြရန်)။

(၂) Trained Nurse (မ) (၅)ဦး
B.N.Sc (သို့) Dip in Nursing ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူ။

(၃) ဓာတ်မှန်ကျွမ်းကျင် (ကျား/မ) (၂)ဦး
B.M. Tech ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူ။

(၄) ဆေးဝါးကျွမ်းကျင် (မ) (၂)ဦး
B.Pharm ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူ။

(၅) Mid -wife (မ) (၃)ဦး
Dip in Mid -wife ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူ။

(၆) Receptionist (မ) (၂)ဦး
ဘွဲ့ရရှိပြီး၊ ကွန်ပျူတာ/စာရင်းကိုင်သင်တန်းအောင်လက်မှတ် ရရှိသူ။

(၇) Nurse Aid (မ) (၃)ဦး
ဘွဲ့ရ + သူနာပြုအကူ သင်တန်း တက်ရောက်ဖူးသူ။

www. facebook. com/Zabuthiri Specialist Hospital တွင် လျှောက်လွှာပုံစံအားရယူကာ ဘွဲ့လက်မှတ်/ နိုင်သားစိစစ်ရေးကတ်/ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်/ရဲစခန်း ထောက်ခံစာမူရင်း၊ ပတ်စ်ပို့ဓာတ်ပုံ (၃) ပုံတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း dr.myomyintkyawpsy @ gmail.com သို့ဖြစ်စေ (သို့) ဆေးရုံသို့ လူကိုယ်တိုင်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - ပျဉ်းမနား၊ တောင်ညိုလမ်းကြီး၊
ဇီဇဝါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဆက်သွယ်ရန်ဖုန်း - ၀၆၇-၅၅၀၀၅၁၊ ၅၅၀၀၅၃

မိုနဲဒါ ဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ (ဆေးရိုက်၊ ချည်ထိုး ဝန်ဆောင်မှုပေးသည်။)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-425289819, 09-73216251**
- **website:www.facebook.com , moneda Fashion and Foodwear**
- **E-mail kyonedoe@gmail.com**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာမွမ်းမံသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ(၄)၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၅)ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက် ညနေ ၆ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဌာနခွဲ (၄)မှ ဌာနခွဲမှူးဦးအောင်ကျော်စိုး၊ သီရိမြိုင်ယာဉ်ထိန်း သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးသန်းမြင့်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မွမ်းမံသင်တန်းအမှတ်စဉ်(၅)သင်တန်းသား ၂၀၀ ကျော်တက်ရောက်သည်။

သင်တန်းတွင် သီရိမြိုင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးသန်းမြင့်နှင့် နည်းပြတပ်ကြပ်ကြီး ခင်မောင်ထွန်းတို့က သင်တန်းသားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေအဟောင်းများ၊ အသစ်များကို နိုင်ငံတကာက ကျင့်သုံးနေသည့် မော်တော်ယာဉ်ထိန်းသိမ်းမှု နည်းစနစ် ငါးမျိုးကို အကျယ်တဝင့် ရှင်းလင်းဟောပြောကြသည်။**(အပေါ်ပုံ)**

(၆၈၄)

သာစည်မြို့နယ်တွင် ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုး

သာစည် စက်တင်ဘာ ၁၇

သာစည်မြို့နယ်တွင် မိုးကောင်းသောက်စပါးနှင့် ဆည်ရေသောက်စပါးဟူ၍ နှစ်မျိုးရှိသည်။ သာစည်မြို့နယ်တွင် ကျေးရွာအုပ်စု ၈၀ ရှိပြီး ကျေးရွာပေါင်း ၃၀၀ ကျော်ရှိသည်။ ထိုကျေးရွာများထဲတွင် သာစည်မြို့ အရှေ့မြောက်ဘက်ရှိ ကျေးရွာများမှာ မိုးကောင်းသောက်လယ်များဖြစ်ပြီး သာစည်မြို့အရှေ့တောင်ဘက်ရှိ လယ်များမှာ ဆည်ရေသောက်လယ်များ ဖြစ်သည်။

သာစည်မြို့နယ်ရှိ ဆည်ရေသောက်လယ်ဧကများမှာ ညောင်ရမ်းမင်းလှကန်မှဆည်ရေကို အဓိကထားပြီး စပါးစိုက်ပျိုးကြရသည်။ သာစည်မြို့နယ်တွင်မိုးခေါင်သဖြင့် ညောင်ရမ်းမင်းလှကန်မှာ ရေဝင်နည်းခဲ့သဖြင့် စိုက်ပျိုးရေအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ထိုအခက်အခဲများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏စီမံကွပ်ကဲမှု၊ မိတ္ထီလာခရိုင် ဆည်မြောင်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ညောင်ရမ်းမင်းလှကန်ဆည်ရေ ရရှိရေးအတွက် စက်ယန္တရားကြီးများဖြင့် တူးဖော်ဆယ်ဖို့ ပြုပြင်ခဲ့သည်။ ညောင်ရမ်းကန်အမှတ်(၁) သံမဏိတူးမြောင်းကို မြေတူးစက်ခြောက်စီး၊ မြေထိုးစက်တစ်စီးဖြင့် တူးဖော်ခဲ့ရာ မြေကြီးကျင်းပေါင်း ၁၀၀၃၈၆ ကျင်း တူးဖော်နိုင်ခဲ့သည်။ ထိုနည်းတူ ညောင်ရမ်းကန်အမှတ်(၂) သောတပန်တူးမြောင်းကို မြေတူးစက်ခြောက်စီး၊ မြေထိုးစက်တစ်စီးတို့ဖြင့် တူးဖော်ခဲ့ရာ မြေကြီးကျင်းပေါင်း ၈၃၇၇၀ တူးဖော်နိုင်ခဲ့သည်။

